**မြဝတီ** နေ့စဉ်

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၄၇)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
၂၀၂၄ ခုနှစ်၊ ဇွန် ၄ ရက်၊ အင်္ဂါနေ့

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။



မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဇွန် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ယနေ့နံနက်ပိုင်းမှစတင်ဖွင့်လှစ်နေပြီးဖြစ်သည်။

နိုင်ငံအဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၅၃၆၇၁၃ ဦး အပ်နှံပညာသင်ကြားလျက်ရှိကြောင်းသိရှိရသည်။ စာသင်ကျောင်းများတွင် သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာ

**စာမျက်နှာ ၁၆ ကော်လံ ၁ ***



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇွန် ၄ ရက်)

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် မေလ ၂၃ ရက်ကကျင်းပသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ် "နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်များပြားခြင်းသည် အဓိကအရေးပါသည့်အချက်နှစ်ချက်အဖြစ်ပါဝင်ပါကြောင်း၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က မကြာခဏတိုက်တွန်းမှာကြားလျက်ရှိသည့် ကုန်ထုတ်လုပ်မှုအပိုင်းနှင့် ပို့ကုန်တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးကိစ္စတို့တွင် အထူးစီးပွားရေးဇုန်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စက်မှုဇုန်များနှင့် MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်နိုင်သည့် နယ်ပယ်ပေါင်းစုံတို့က အရည်အသွေးမြှင့်ပို့ကုန် တိုးတက်ထုတ်လုပ်တင်ပို့နိုင်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သလို ဇုန်များအလိုက်လည်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်များချမှတ်ပြီးဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန်အသီးသီး၏ရည်မှန်းချက်နှင့်အကောင်အထည်ဖော်မှုများကလည်း နိုင်ငံတော်ကချမှတ်ထားသည့်ဦးတည်ချက်များနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်ပေမည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးနှင့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးတို့မှာ နိုင်ငံတော်ကချမှတ်ထားသော စီးပွားရေးဦးတည်ချက်များဖြစ်သည်။

ပို့ကုန်ကဏ္ဍမြှင့်မားနေမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်များပြားခြင်းသည်လည်း နိုင်ငံ့စီးပွားရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်မှာအောင်မြင်မှုရှိနေပြီဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာနှစ်ဘီလီယံကျော်ရှိထားပြီးဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုပမာဏလျော့နည်းသည်ဟုဆိုနိုင်သော်လည်း ရောက်ရှိသည့်အခြေအနေအပေါ် ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်အောင် နည်းလမ်းပေါင်းစုံဖြင့်စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ၂၀၂၄ ခုနှစ် မတ်လအတွင်း အကောက်ခွန်ရရှိမှုမှာ ငွေကျပ် ၃၆၁ ဒသမ ၉၉၀ သန်းကျော်၊ ကုန်သွယ်လုပ်ငန်းခွန်ဝင်ငွေမှာ ငွေကျပ် ၄ ဒသမ ၆ ဘီလီယံ၊ ကြိုတင်ဝင်ငွေခွန်မှာ ငွေကျပ် ၇၆၀ ဒသမ ၆၈၀ သန်းဖြစ်ကြောင်းသိရသည်။ မတ်လအတွင်းပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၉ သန်းဖြစ်ပြီး သွင်းကုန်ပမာဏမှာအမေရိကန်ဒေါ်လာ ၅၂ ဒသမ ၂၇၈ သန်းဖြစ်၍ ပို့ကုန်တန်ဖိုးနှင့်သွင်းကုန်တန်ဖိုးကွာခြားချက်များအား လျှော့ချနိုင်ရေး ကြိုးပမ်းရမည်ဖြစ်သည်။ ထိုသို့လျှော့ချနိုင်ရန် Promotion Zone တွင်ရှိသည့်ကုမ္ပဏီများကို ပြည်ပသို့ကုန်ပစ္စည်းတင်ပို့မှုများပိုမိုဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့်စီမံခန့်ခွဲမှုကော်မတီကဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်က လိုအပ်သည့်ကုန်ကြမ်းများကို နိုင်ငံခြားမှတင်သွင်းမှုရှိနေပေရာ အဆိုပါကိစ္စနှင့်ပတ်သက်၍ သီလဝါအထူးစီးပွားရေးဇုန်မှလိုအပ်သည့်ကုန်ကြမ်းများကို မြန်မာနိုင်ငံတွင်ရှိနေသည့် MSME လုပ်ငန်းများမှ ပြည်တွင်းအရည်အသွေးမြှင့်ကုန်ကြမ်းများမှာယူနိုင်သည့်အဆင့်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြရမည်ဖြစ်သည်။ MSME လုပ်ငန်းရှင်များ၊ အေဂျင်စီများနှင့်သက်ဆိုင်ရာတာဝန်ရှိသူများပူးပေါင်းကာ ဒေသတွင်းထုတ်ကုန်များကို အရည်အသွေးမြင့်သည့် ကုန်ကြမ်းအဖြစ်အထူးစီးပွားရေးဇုန်များနှင့်ချိတ်ဆက်ပေးသွင်းကြရမည်ဖြစ်သည်။ ပြည်ပသွင်းကုန်လျှော့ချရေးအတွက် အထူးစီးပွားရေးဇုန်တစ်ခုလုံးမှာ လိုအပ်သည့်ကုန်ကြမ်းအားလုံးကို ပြည်ပသွင်းကုန်အစားထိုးထောက်ပံ့ပေးနိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် မတ်လ စာရင်းအရ MSME လုပ်ငန်းမှထွက်ရှိသည့် ကုန်ပစ္စည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှုတွင် မြန်မာကျပ်ငွေ ၂ ဒသမ ၁ ဘီလီယံကျော်ရရှိခဲ့ကြောင်းသိရသည်။ ထို့ထက်ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက်ကြိုးပမ်းကြရမည်ဖြစ်သည်။ လက်ရှိရင်းနှီးမြှုပ်နှံမှုများအပြင်ရင်းနှီးမြှုပ်နှံမှုတိုးတက်များပြားလာအောင်ဆောင်ရွက်ကြရမည်ဖြစ်ပေရာ ချို့ယွင်းအားနည်းမှုတို့မဖြစ်ပေါ်စေရန်လည်း အထူးသတိပြုကြရမည်ဖြစ်သည်။ မြန်မာအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ(၂၀၁၄)နှင့်နည်းဥပဒေများအပေါ် အခြေခံပြီး ဆောင်ရွက်နေခြင်းဖြစ်ပေရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်လာရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရန်ကျန်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆက်လက်ကျောင်းအပ်နှံနိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ဇွန် ၃

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

## Myawady Digital Set Top Box ထုတ်နုတ်ရှုမြင်အစီအစဉ်

### မြဝတီရုပ်မြင်သံကြား

၄-၆-၂၀၂၄(အင်္ဂါနေ့)

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၅။ ၈း၂၅ ဆောင်းပါးပေါ်ကစာစုများ
၆။ ၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။ ၁၀း၅၀ ဖန်တီးသူရဲ့ဒီဇိုင်း
၈။ ၁၂း၀၀ ၁၂ လရာသီမှတ်တမ်း
၉။ ၁၆း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၀။ ၁၇း၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၁။ ၁၉း၀၀ **တောင်ပိုင်းပိုးလမ်းမသစ် တရုတ်မြန်မာအခန်းကဏ္ဍ အပိုင်း(၃၄)**

### MWD Variety Channel

၁။ ၀၉း၃၄ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၂။ ၁၀း၃၁ ကျန်းမာသောဘဝ
၃။ ၁၁း၃၀ ဥပဒေမှတ်စု
၄။ ၁၂း၃၉ စကားလက်ဆုံ
၅။ ၁၄း၄၁ ဖတ်ပါ မှတ်ပါ လေ့လာပါ
၆။ ၁၅း၃၉ ကြည်နူးဖူးမြော်ဘုရားပုထိုးစေတီတော်

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၃၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၃၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန် ဇွန် ၃

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလရှင်ဆရာလေး ၁၁၁၁ ပါးတို့အား အလှူငွေနှင့်ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလရှင်ဆရာလေး ၁၁၁၁ ပါးတို့အား အလှူငွေနှင့်ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဝရဒါဠာတုစေတီယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)ဂန္ဓကုဋိတိုက်အတွင်း ကျင်းပသည်။


ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဒဂုံအရှေ့ပိုင်းမြို့နယ် တိပိဋကဝန္ဒဝင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် တိပိဋကရေမွှဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သောပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြွရောက်တော်မူကြသည့်ဆရာတော်ကြီး ၄၅ ပါးနှင့် သီလရှင်ဆရာလေး ၁၁၁၁ ပါးတို့အတွက် အလှူတော်ငွေကျပ်သိန်းတစ်ထောင့်နှစ်ရာကျပ်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်ကလှူဒါန်းကာ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိပိဋကရေမွှဘဏ္ဍာဂါရိက ဘဒ္ဒန္တကုန္ဒပါလရမ္မာဝတီဆရာတော် အရှင်သူမြတ်ထံမှ အောက်မေ့အမှတ်ရဖွယ်ရာ သာရဏီယကထာကိုနာယူကြပြီး ဗီယက်နမ်ဆရာတော်ဘဒ္ဒန္တသမ္မာဒိဋ္ဌိက ကျေးဇူးတင်စကားလျှောက်ထားကာ အခမ်းအနားကျင်းပရေးအကျိုးတော်ဆောင်ဦးဝင်းမောင်မောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ဗီယက်နမ်အလှူရှင်များကို ဂုဏ်ပြုလွှာပေးအပ်ပြီး ဗီယက်နမ်ဆရာတော်ဘဒ္ဒန္တသီလဂုဏက ဝမ်းမြောက်ဩဝါဒစကားမိန့်ကြားကာ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂသာမိဒ္ဓိပိဋကရေ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗီယက်နမ်ဆရာလေး ဒေါ်နန္ဒမာလာက ဗီယက်နမ်ဘာသာဖြင့် ရေစက်ချအမျှပေးဝေသည်။

ထို့နောက် ကြွရောက်လာကြသော



သီလရှင်ဆရာလေး ၁၁၁၁ ပါးတို့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီးဦးဌေးအောင်နှင့်အလှူရှင်များက လှူဖွယ်ပစ္စည်းလေးပါးနှင့်ဆွမ်းဆန်တော်များလောင်းလှူခဲ့ကြကြောင်း သိရသည်။

**နေကိုထိုက်**

---

မန္တလေး ဇွန် ၃

# မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြား



၂၀၂၄- ၂၀၂၅ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်ခဲ့ရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ကျဆရာ၊ ဆရာမများက ကျောင်းဝင်ပေါက်၌ အတန်းစဉ်အလိုက် စည်ကမ်းတကျ သွားရောက်နိုင်ရေး စီမံပေးကြပြီး စနစ်တကျ စာသင်ကြား/သင်ယူမှုများ ပြုလုပ်နိုင်ရန်ဆောင်ရွက်ပေးကြသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေလွင်က "တိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေးရက်သတ္တပတ်မှာ ကျောင်းအပ်လက်ခံထားမှုအနေနဲ့ အခြေခံပညာကျောင်းမှာကျောင်းသား ၇၆၄၈၈၀၊ ကိုယ်ပိုင်ကျောင်းမှာ ၇၃၈၆၂ ဦးနဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာ ၈၅၃၁၇ ဦး စုစုပေါင်း ၉၂၄၀၅၉ ဦးရှိပါပြီ။ ကျောင်းအပ်လက်ခံမှု ရက်သတ္တပတ်ပြီးဆုံးသွားပေမယ့် ကျောင်းအပ်နှံမယ့် ကျောင်းသား၊ ကျောင်းသူတွေရှိနေမယ်ဆိုရင် ဆက်လက်လက်ခံပေးသွားမှာဖြစ်ပါတယ်။ ကလေးတွေရဲ့ရှေ့ရေးကိုတွေးပြီး မိဘတွေအနေနဲ့ ကျောင်းကိုရောက်အောင် ပို့ဆောင်ပေးဖို့ လိုအပ်ပါတယ်။ ကလေးတွေ ကျောင်းမှာ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ဖို့ အတွက် ကျောင်းမဖွင့်ခင်ကတည်းက ဆောင်ရွက်ထားပါတယ်။ စာသင်ခန်း၊ စာသင်ခုံတွေ ပြင်ဆင်ထားတဲ့အပြင် ကျောင်းဥပဓိရုပ်ကောင်းမွန်ဖို့အတွက်လည်း စီမံဆောင်ရွက်ထားပါတယ်။ ကလေးမိဘတွေအနေနဲ့ မိမိတို့သားသမီးပညာရေးကို အလေးထားပြီး ကျောင်းအပ်နှံကြဖို့ပြောကြားလိုပါတယ်"ဟုပြောသည်။

မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ ဆောင်ရွက်ခဲ့သည့် ကျောင်းအပ်နှံရေးရက်သတ္တပတ်၌ ကျောင်းအပ်လက်ခံခဲ့ရာတွင်လည်း မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမပြုဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးက "ဒီနှစ်မှာ ကျွန်တော်တို့ ကျောင်းအနေနဲ့လည်း ကျောင်းသား၊ ကျောင်းသူ ၃၀၀၀ ကျော် လက်ခံပြီးဖြစ်ပါတယ်။ ဇွန်လတစ်လလုံးလည်း ကျောင်းအပ်လက်ခံသွားမှာဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ကြတဲ့ ကလေးတွေဆိုရင်လည်း ဒီနှစ်မှာကျောင်းပြန်တက်ကြတဲ့အတွက် ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရေးဆိုတာ သတ်မှတ်တဲ့အသက်နဲ့ ကိုက်ညီတဲ့အတန်းမှာ တက်ရောက် ပညာသင်ကြားနေဖို့လိုပါတယ်။ ဒီလိုမျိုးမိဘပြည်သူတွေအနေနဲ့ ကျွန်တော်တို့ စာသင်ကျောင်းတွေမှာ အင်တိုက်အားတိုက်ပညာရေးကို အားပေးကြတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့လည်း အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်" ဟု ပြောသည်။

ကျောင်းသားမိဘတစ်ဦးကလည်း "ကျွန်မကလေးကတော့ ဒီနှစ် Grade-11 မှာ ပညာသင်ကြားရမှာဖြစ်ပါတယ်။ ကလေးကျောင်းမှာအဆင်ပြေစွာ ပညာသင်ကြားနိုင်ဖို့ သေချာဆောင်ရွက်ပေးသလို ကျောင်းအနေနဲ့လည်း ကျောင်းသုံးဖတ်စာအုပ်တွေ၊ စာရေးကိရိယာတွေကို အခမဲ့ပေးတဲ့အတွက်အဆင်ပြေပါတယ်။ ဒီလို အခမဲ့ပညာရေးစနစ်ကို သဘောကျပါတယ်။ ဒါကြောင့် တခြားမိဘတွေအနေနဲ့လည်း မိမိတို့ ကလေးတွေကို ကျောင်းအပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရန်အတွက်လည်း မန္တလေးမြို့ရှိ အဓိကလမ်းမကြီးများနှင့် နီးစပ်သည့် ကျောင်းများ၌ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာမြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၃၉၅၀၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၇ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၀၆ ကျောင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

---

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အများပြည်သူပိုင် စာသင်ကျောင်းတွေကိုပါ အာဏာသုံးလုယူလာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ၅-၆-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅ ̊ C | / | ၂၉.၅ ̊ C |
| ရန်ကုန် | ၂၅ ̊ C | / | ၃၂.၀ ̊ C |
| မန္တလေး | ၂၆ ̊ C | / | ၃၄.၅ ̊ C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

နောက်တစ်ချက်မှာ မြန်မာနိုင်ငံ၏ လက်ရှိဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့နှစ်မျိုးကိုသာ အခြေခံထုတ်လုပ်နေသည်။ ဓာတ်အားလိုအပ်ချက်မြင့်မားသောအချိန်တွင် ဓာတ်ငွေ့စက်ရုံများ၏ သဘာဝအရ ပုံမှန်သာ ထုတ်လုပ်ပေးနိုင်သည်။ ဤအခြေအနေတွင် ရေအားလျှပ်စစ်စက်ရုံများက အင်အားတိုးပြီး ထုတ်လုပ်ပေးနိုင်သည်။ နေ့စဉ် တစ်ရက်လျှင် နှစ်ကြိမ် အမြင့်ဆုံးသုံးစွဲချိန်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကသာ အဓိက ဆောင်ရွက်ပေးနိုင်သည်။

အမေရိကန်၏ ဓာတ်အားထုတ်လုပ်မှုမှာ ရေအရင်းအမြစ်မျိုးစုံကို အချိုးကျ မောင်းနှင်ထုတ်လုပ်ပေးနေသည်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ် အမေရိကန်နိုင်ငံ၏ ဓာတ်အားထုတ်လုပ်မှုအချိုးတွင် ဓာတ်ငွေ့မှ ၃၄ ရာခိုင်နှုန်း၊ ရေအားမှ ၆ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ၃၁ ရာခိုင်နှုန်း၊ နျူကလီးယားမှ ၂၀ ရာခိုင်နှုန်း၊ လောင်စာဆီမှ ၁ ရာခိုင်နှုန်း၊ ကျန်ပြန်ပြည့်မြဲအရင်းအမြစ်များမှ ၉ ရာခိုင်နှုန်း မောင်းနှင်နေသဖြင့် ဓာတ်အားတည်ငြိမ်ခြင်း၊ ရာသီအလိုက် ဓာတ်အားလိုအပ်ချက်ချိန်ညှိနိုင်ခြင်း စသည့်အကျိုးများခံစားရရှိနေသည်။ သို့သော် ရေအားအရင်းအမြစ်ကြွယ်ဝသောနိုင်ငံများက ရေအားအရင်းအမြစ်ကို ပို၍သုံးစွဲသည်။ ဈေးနှုန်းကြီးမြင့်သည့် သဘာဝဓာတ်ငွေ့ သို့မဟုတ် သဘာဝဓာတ်ငွေ့အရည် (Liquified Natural Gas- LNG) ကို လျှော့သုံးကြသည်။ ဓာတ်ငွေ့ကြွယ်ဝပါသည်ဆိုသော နိုင်ငံကြီးများမှာပင် ဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်မှုအချိုးကိုထိန်းထားပြီး ဓာတ်ငွေ့ကိုပြည်ပသို့ တိုက်ရိုက်ရောင်းချခြင်း၊ LNG ပြုလုပ်ရောင်းချခြင်းတို့ ဆောင်ရွက်နေကြသည်။

အမေရိကန်၏ နှစ်စဉ် ဓာတ်အားထုတ်လုပ်မှု စုစုပေါင်းသည် ကီလိုဝပ်နာရီသန်းပေါင်း ၄၂၉၇၀၀၀ ရှိနေရာ မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် တစ်နှစ်စာအသုံးထက် အဆ ၂၀၀ ကျော် ပိုနေသည်။ ဤအထဲတွင် ရေအားလျှပ်စစ်မှ ထုတ်လုပ်မှုသည် ကီလိုဝပ်နာရီသန်းပေါင်း ၂၆၈၀၀၀ ပါနေသည်။ ဤပမာဏသည်ပင်လျှင် မြန်မာတစ်နိုင်ငံလုံး ဖြန့်ဖြူးနေသောဓာတ်အား၏ ၁၅ ဆနီးပါး ဖြစ်နေသည်။

နိုင်ငံအများစုတွင် မောင်းနှင်ထုတ်လုပ်ပေးနေသော ဓာတ်အားပေးစက်များအားလုံးအတွက် အဓိက စဉ်းစားဆောင်ရွက်နေမှုမှာ-

(က) ဓာတ်အားခဈေးနှုန်း အသက်သာဆုံးဖြစ်စေရေး၊
(ခ) မိမိပြည်တွင်းမှရရှိနိုင်သည့် အမှီအခိုကင်းသော အရင်းအမြစ်ကို ဦးစားပေးသုံးစွဲရေး၊
(ဂ) တည်ငြိမ်သောဓာတ်အား ရရှိစေရေး၊
(ဃ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးရေး ချိန်ညှိဆောင်ရွက်ရေး၊

စသည့်အချက်များကို ရှေ့တန်းတင်ထားကြသည်။

ဓာတ်အားပေးစက်ရုံအလိုက် ထုတ်လုပ်လိုက်သော ဓာတ်အားအချိုးပေါ်မူတည်၍ ဓာတ်အားခဈေးနှုန်း သက်သာမှု၊ ဓာတ်အားတည်ငြိမ်မှုတို့ကို အဆုံးအဖြတ်ပေးသည်။

**Flaming Gorge Dam**

Flaming Gorge Dam သည် ကိုလိုရာဒိုမြစ်၏ လက်တက်ဖြစ်သည့် Green River ပေါ်တွင် တည်ဆောက်ထားသောတမံဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။

တာတမံ၏ရေသိုလှောင်နိုင်စွမ်းသည် ဧကပေ ၃၇ ဒသမ ၉ သိန်း (ကုဗမီတာ သန်းပေါင်း ၄၆၇၃၅) ရှိသည့်အတွက် မြန်မာနိုင်ငံတွင် အကြီးဆုံးသိုလှောင်နိုင်သော တမံဖြစ်သည့် သဖန်းဆိပ်ဆည်ထက် တစ်ဆခွဲနီးပါး ပိုမိုကြီးမားသည့် ရေလှောင်ပမာဏဖြစ်သည်။

တမံသည် Utah ပြည်နယ်ထဲတွင်တည်ရှိပြီး ကွန်ကရစ်ခုံးတမံ (Concrete thin-arch Dam) ဖြစ်သည်။ တမံအမြင့်မှာ ၁၅၃ မီတာ (၅၀၂ ပေ) ဖြစ်၍ မြန်မာနိုင်ငံရှိ အမြင့်ဆုံးတမံဖြစ်သော ရဲရွာတမံထက် ၁ ဒသမ ၂၅ ဆခန့် ပိုမိုမြင့်မားသောတမံဖြစ်သည်။

သို့သော် ရဲရွာတွင် ရေအားလျှပ်စစ် ၇၉၀ မဂ္ဂါဝပ်တပ်ဆင်ထားသော်လည်း Flaming Gorge Dam တွင်မူ ၅၅၅ ဒသမ ၉၅ မဂ္ဂါဝပ်တပ်ဆင်ထားသည်။ Flaming Gorge Dam မှ နှစ်စဉ် ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားယူနစ်သန်းပေါင်းမှာ ၃၄၄ ဖြစ်သည့်အတွက် အသုံးချနိုင်မှုစွမ်းရည် (Capacity Factor) မှာ သုည ဒသမ ၂၆ သာရှိသည်။ ဤတမံသည် Flood (ရေကြီးရေလျှံမှု)ကို အဓိကထိန်းချုပ်ပြီး ရေပေးဝေမှုကို အဓိကထားသည့်တမံဖြစ်သည်။

ဤဖော်ပြခဲ့သည့် တမံအားလုံးသည် ကိုလိုရာဒိုမြစ်၏ လက်တက်များပေါ်မှ ရေလှောင်ပမာဏ ဧကပေ ၁၀ သိန်း(ကုဗမီတာသန်းပေါင်း ၁၂၂၀) ထက် ကြီးမားနေသောတမံများကို ကောက်နုတ်ဖော်ပြခြင်းသာဖြစ်သည်။

**အခန်း(၉)**

**အမေရိကန်နိုင်ငံ ကိုလံဘီယာမြစ်ဝှမ်း ရေအသုံးချမှု**

ကိုလံဘီယာမြစ် (Columbia River) သည် မြောက်အမေရိကတိုက်တွင် အကြီးဆုံးမြစ်ဖြစ်သည်။ ဝါရှင်တန် (Washington) နှင့် အိုရီဂွန် (Oregon) တို့၏ နယ်ခြားတစ်လျှောက် စီးဆင်းလာပြီး ပစိဖိတ်သမုဒ္ဒရာထဲသို့ စီးဝင်သည်။

မြစ်သည် ကီလိုမီတာ ၂၀၀၀ (၁၂၄၃ မိုင်) ရှည်လျားသည်။ မြန်မာနိုင်ငံ ဧရာဝတီမြစ်၏ အလျား ၂၂၈၈ ကီလိုမီတာ (၁၄၆၆ မိုင်) ထက် အနည်းငယ်တိုသည်။ ကမ္ဘာ့နံပါတ်(၃၇) အဆင့် ကြီးမားသောမြစ်ဖြစ်သည်။

နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ၇၅၀၀ ကုဗမီတာ/စက္ကန့်ရှိသည်။ အများဆုံးအချိန်တွင် ၃၅၀၀၀ ကုဗမီတာ/စက္ကန့်ထိရှိပြီး အနည်းဆုံးအချိန်တွင် ၃၄၀ ကုဗမီတာ/စက္ကန့်ထိနည်းသွားသည်။ အနည်းဆုံးနှင့် အများဆုံး အဆ ၁၀၀ ခန့် ကွာခြားနေသည်ကို ကြည့်ခြင်းအားဖြင့် မြစ်ကို ထိန်းကျောင်းပေးသင့်ကြောင်း ပေါ်လွင်သည်။

ကိုလံဘီယာမြစ်၏ ထင်ရှားသောမြစ်လက်တက်များမှာ အောက်ပါအတိုင်းဖြစ်သည်-


- Columbia Main River
- Pend Oreille River
- Snake River
- John Day River
- Yakima River
- Willamette River

မြစ်လက်တက်များထဲတွင် ရေစီးအားအကောင်းဆုံး၊ ရေဆင်းဧရိယာအကျယ်ဆုံးမှာ Snake River ဖြစ်သည်။ ကိုလံဘီယာမြစ်ဝှမ်းနှင့် မြစ်မကြီးတစ်လျှောက် တာတမံပေါင်း ၄၀၀ ခန့် တည်ဆောက်ထားသည်။ ယင်းတို့အနက် ၆၀ ခန့်မှာ ကြီးမားသော တာတမံကြီးများ ဖြစ်ကြသည်။ မြစ်အလိုက် တည်ဆောက်ထားသည့် ကြီးမားသော တာတမံအရေအတွက်ကို အောက်ပါအတိုင်းတွေ့ရသည်။

ကိုလံဘီယာမြစ်ဝှမ်းမှ မြစ်အလိုက် ကြီးမားသော တမံများစာရင်း

| စဉ် | မြစ်အမည် | အရေအတွက် |
|---|---|---|
| ၁။ | Columbia Main River | ၁၄ ခု |
| ၂။ | Snake River | ၂၀ ခု |
| ၃။ | Kootenay River | ၇ ခု |
| ၄။ | Pend Oreille/Clark Fork River | ၇ ခု |
| ၅။ | Flathead River | ၂ ခု |
| ၆။ | Yakima River | ၈ ခု |
| ၇။ | Owyhee River | ၂ ခု |

မြစ်ဝှမ်းတစ်လျှောက် တည်ဆောက်ထားသော တမံများ၏ တစ်ခုနှင့်တစ်ခု အထက်အောက်အကွာအဝေးမှာ ပျမ်းမျှ ကီလိုမီတာ ၁၁၀ ခန့် (၇၀ မိုင်) ခန့်သာကွာဝေးကြသည်။




အမေရိကန်နိုင်ငံ Columbia River Basin မှ ရေအသုံးချမှုတာတမံများ

ကိုလံဘီယာမြစ်ဝှမ်းတမံများအနက် Main River ပေါ်မှ တမံလေးခုနှင့် Snake River ပေါ်မှ တမံလေးခုတွင် ရေကြောင်းတက်ဆင်းလမ်း (Navigation Lock) များ ထည့်သွင်းထားသည်။ ယခင်က မြစ်တစ်လျှောက် ကျဉ်းမြောင်းသည့်နေရာ၊ ကျောက်ဆောင်ပေါ်များသည့်နေရာများကို ရေကြောင်းသွားလာရေးလွယ်ကူစေရန် ပြုပြင်ထားသည့်အတွက် သမုဒ္ဒရာအဝမှ အထက်ဘက်သို့ မိုင်ရာပေါင်းများစွာ သင်္ဘောများသွားလာနိုင်ပြီဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**



မြိတ်၊ လူမှုရေး

## မြိတ်မြို့နယ်၌ အခြေခံပညာမူလတန်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ကျေးရွာ၌ ဇွန်လ ၃ ရက်တွင် အခြေခံပညာမူလတန်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပကြောင်း သိရသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားတွင် မြိတ်ခရိုင်ပညာရေးမှူး ဒေါ်လှလှအေး၊ မြို့နယ်ပညာရေးမှူး ဦးလင်းရန်အေး၊ စန္ဒဝတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့် ကျောင်းဆောင်သစ်မတည်အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြိတ်ခရိုင်ပညာရေးမှူး ဒေါ်လှလှအေးက အဖွင့်အမှာစကားပြောကြားပြီး စန္ဒဝတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့ခြင်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြိတ်ခရိုင်ပညာရေးမှူး ဒေါ်လှလှအေးနှင့် ကျောင်းအကျိုးတော်ဆောင်များက ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် မတည်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ကြကြောင်း သိရသည်။

(၄၀၂)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မှုဓာတ်ပုံမြင်ကွင်း

စစ်တွေ



ဝင်းမင်းစိုး

ညောင်ဦး



ဒီပါလင်း

ဘားအံ




ပြည်နယ်(မြန်/ဆက်)

တာချီလိတ်



အေးအေးလတ်

ဟိုပုံး



ပအိုဝ်းဒေသ(မြန်/ဆက်)

ကသာ



ကျော်စွာ(ကသာ)

ထားဝယ်



ငွေဇင်ယော်(ထားဝယ်)

ပေါင်



မွန်မလေး(မြန်/ဆက်)

# နိုင်ငံတစ်ဝန်း တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုမြင်ကွင်း


လှည်းကူးပညာရေးဒီဂရီကောလိပ်
မြင့်ဦး


သတင်းအချက်အလက်နည်းပညာတက္ကသိုလ်(လှိုင်မြို့နယ်)
အောင်မြင့်(မြန်/ဆက်)


မိတ္ထီလာတက္ကသိုလ်
ချမ်းသာ(မိတ္ထီလာ)


တောင်ငူတက္ကသိုလ်
ဇော်ကိုကို(တောင်ငူ)


ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
မြို့နယ်(မြန်/ဆက်)


မော်လမြိုင်တက္ကသိုလ်
ခင်စန်းမြင့်(မြန်/ဆက်)


နည်းပညာတက္ကသိုလ်(မအူပင်)
အောင်မြင့်မြတ်(မြန်/ဆက်)


ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)
ခရိုင်(မြန်/ဆက်)


နည်းပညာတက္ကသိုလ်(ပင်လုံ)
ခရိုင်(မြန်/ဆက်)


ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
တင်ဝင်းတင်


မကွေးတက္ကသိုလ်
ခရိုင်(မြန်/ဆက်)


ကွန်ပျူတာတက္ကသိုလ်(သထုံ)
ခရိုင်(မြန်/ဆက်)


ပြည်နည်းပညာတက္ကသိုလ်
ကိုဆက်(မြန်/ဆက်)

ပင်းတယ၊ လူမှုရေး

# ပင်းတယမြို့နယ်လုံးဆိုင်ရာ သာသနဟိတပရိယတ္တိစာပြန်စာဖြေ ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့လယ် မြို့နယ်ဓမ္မာရုံကြီး၌ (၆၈)ကြိမ်မြောက် သာသနဟိတပရိယတ္တိစာဖြေပွဲနှင့် အကြိမ် (၇၀) မြောက် စာပြန်ပွဲတော်ကြီးကို ဇွန်လ ၂ ရက်ကကျင်းပသည်။

အဆိုပါ (၆၈)ကြိမ်မြောက်စာဖြေပွဲတော်နှင့် အကြိမ်(၇၀)မြောက် စာပြန်ပွဲတော်ကြီးကို မြို့နယ်လုံးဆိုင်ရာသံဃနာယကဉက္ကဋ္ဌ အရှင်စန္ဒောဘာသနှင့် အဖွဲ့ဝင်ဆရာတော် သံဃာတော်များ၊ ပွဲတော်ကြီးကြပ်ရေးဆရာတော်များနှင့် စာချဆရာတော် ရဟန်း၊ သံဃာတော်များ ဦးစီးဆောင်ရွက်မှုဖြင့် မြို့နယ်လုံးကျွတ် စာသင်တိုက်အသီးသီးမှ ပဥ္စမတန်းအဆင့် စာပြန်သံဃာတော် လေးပါးနှင့် စာဖြေသံဃာတော် ရှစ်ပါး၊ စတုတ္ထတန်းအဆင့် စာပြန်သံဃာတော် လေးပါး၊ စာဖြေသံဃာတော် ငါးပါး၊ တတိယတန်းအဆင့် စာပြန်သံဃာတော် ၂၀ ပါး၊ စာဖြေသံဃာတော် ၂၀ ပါး၊ ဒုတိယတန်းအဆင့် စာပြန်သံဃာတော် ၂၀ ပါး၊ စာပြန်သံဃာတော် ၃၁ ပါး၊ ပထမတန်းအဆင့် စာပြန်သံဃာတော် ၆၉ ပါး၊ စာဖြေသံဃာတော် ၇၃ ပါး၊ မူလ(ခ) တန်းအဆင့် စာပြန်သံဃာတော် ၃၆ ပါး၊ စာဖြေသံဃာတော် ၂၆ ပါး၊ မူလ(က) တန်းအဆင့် စာပြန်သံဃာတော် ၁၃၆ ပါး၊ စာဖြေသံဃာတော် အပါး ၇၀ ၊ သီလရှင်ဆရာလေး ပထမအဆင့်သီလရှင် ၁၁ ပါးတို့က (၆၈)ကြိမ်မြောက် စာမေးပွဲတွင် ဝင်ရောက်ဖြေဆို၍ လည်းကောင်း၊ အကြိမ်(၇၀)မြောက် စာပြန်ပွဲတော်ကြီးအား ကျင်းပပေး၍လည်းကောင်း ကောင်းမွန်စွာ စည်းကမ်းတကျကြည့်ရှုစစ်ဆေးထိန်းသိမ်းစောင့်ကြပ်ကျင်းပပေးလျက်ရှိသည်။

အဆိုပါ စာပြန်၊ စာဖြေပွဲတော်ကြီး၌ ဂုဏ်ထူးဆောင် အောင်မြင်ကြသည့် သံဃာတော်များအား ဇွန်လ ၆ ရက်တွင် စာအောင် လက်မှတ်ဆက်ကပ်ပေးခြင်းနှင့် ဂုဏ်ထူးဆောင်သံဃာတော်များအား ဆုနှင်းသဘင်ပူဇော်ပွဲကြီးအား စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

ဆီဆိုင်၊ လူမှုရေး

# ဆီဆိုင်မြို့နယ်အတွင်း ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများအား နိုင်ငံတော်မှ တစ်လစာ ဆန်ရိက္ခာများ ဆက်လက်ပေးအပ်





ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆန်ရိက္ခာများ ဆက်လက်ပံ့ပိုးပေးအပ်ခြင်းကို ဇွန်လ ၂ ရက်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးရုံးများ၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆက်လက်ထောက်ပံ့ပေးရာတွင် ဆီဆိုင်မြို့နယ်အတွင်း ဝင်ရောက်နေထိုင်ကြသည့် ဟိုခဲရပ်ကွက်ရှိ ဒေသခံပြည်သူ ၇၀ ဦး၊ မင်္ဂလာရပ်ကွက်ရှိပြည်သူ ၁၀၂ ဦး၊ အောင်သပြေရပ်ကွက်ရှိ ပြည်သူ ၄၉၆ ဦး၊ အောင်ချမ်းသာရပ်ကွက်ရှိ ပြည်သူ ၁၄၄၀ ဦး၊ မြကန်သာရပ်ကွက်ရှိ ပြည်သူ ၇၃၀ ဦး၊ သီရိရပ်ကွက်ရှိ ပြည်သူ ၄၅၉ ဦး၊ ဟော်တောင်ရွာရှိ ပြည်သူ ၁၀၀၅ ဦး၊ ဟော်မြောက်ရွာရှိ ပြည်သူ ၂၀၈ ဦး၊ ဘုရားဖြူရွာရှိ ပြည်သူ ၂၀၈၃ ဦး၊ ဝါးတောရွာရှိ ပြည်သူ ၆၀၆ ဦး၊ တခေါ့တန်ရွာရှိ ပြည်သူ ၄၂ ဦး၊ ပန်လိုင်းရွာရှိ ပြည်သူ ၃၁၅ ဦး အတွက် တစ်ဦးကို တစ်ရက်လျှင် ဆန်နို့ဆီ နှစ်ဘူးနှုန်းဖြင့် တစ်လစာ စုစုပေါင်း ဆန်အိတ် ၂၅၆၄ အိတ်အား ပြည်သူများလက်ဝယ်အရောက် ပံ့ပိုးပေးကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

**နေမင်း(ဆီဆိုင်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန် တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဉက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့်လိုအပ်သူများ အလင်းရပါစေ။**

နေပြည်တော်     ဇွန်   ၃

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့်ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပညာသင်ထောက်ပံ့ငွေများပေးအပ်ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများကလက်ခံရယူကြပြီး လွိုင်ကော်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၌ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၅၅၁ ဦး၊ တက္ကသိုလ်အဆင့် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၆၀ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၆၁၁ ဦးအတွက် ငွေကျပ် ၆၁ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်   ဇွန်   ၃

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇွန်လ ၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် လွယ်တောင်ကျေးရွာ ဖူဂျီဥစားကြက်မွေးမြူရေးခြံ၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇီဝလုံခြုံမှုဂရုပြုရေး၊ ဈေးကွက်ကိုအခြေခံသော စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကန်ချယ်ရေလှောင်ဆည်အထွေထွေပြုပြင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဟိုပုံးချိုင့်ဝှမ်းအတွင်းရှိ နမ့်တဘက်ချောင်းဧရိယာ ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးနှင့် စိုက်ဧကတိုးတက်ရရှိရေးအတွက်လည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး စိုက်ဧကများ ပိုမိုတိုးတက်ရေးအတွက် စိုက်ပျိုးရေအဆင်ပြေချောမွေ့စွာ ပေးဝေနိုင်ရေး လတ်တလောဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရေရှည်အစီအစဉ်များဖြင့် ဆောင်ရွက်ရန်လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဘန်းယဉ်မျိုးသန့်ခြံ၌ ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်နေမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သီးနှံအလိုက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ဟိုပုံးမြို့နယ်အတွင်းရှိ ကော်ဖီတောင်သူများ၏ ကော်ဖီအခွံချွတ်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။


ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သီးနှံစိုက်ပျိုးမှုနှင့်ထွက်ရှိမှုအချက်အလက်၊ ကိန်းဂဏန်း၊ စာရင်းဇယားများပြည့်စုံမှန်ကန်ရေး၊ ဆည်ရေသောက်ဧရိယာအတွင်းရှိ တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ဧကများ၊ စိုက်ပျိုးသည့်သီးနှံမျိုးနှင့်အထွက်နှုန်းများကောက်ယူကြရေး၊ အထူးဇုန်များအလိုက် ဆီထွက်သီးနှံများ လျာထားဧရိယာပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဇွန်လ ၂ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် သံတဲကျေးရွာကွင်းအမှတ်(၆၇(ခ)၊ ၆၈)၌ စက်မှုလယ်ယာဦးစီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျလယ်မြေဧက ၁၄၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များဖြန့်ဝေပေးနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုစိုက်ပျိုးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အောင်ပန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန၏ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်း၍ ကုန်းမြင့်ဒေသနှင့် သင့်တော်သော အစေ့ထုတ်ပြောင်း၊ ယာစပါး၊ ပဲပုပ်နှင့် ဂျုံသီးနှံမျိုးကောင်းမျိုးသန့်များမွေးမြူဖော်ထုတ်ရန်၊ ဒေသနှင့်သင့်တော်သော မိုးခေါင်ဒဏ်၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် အထွက်နှုန်းကောင်းပြောင်းမျိုးနှင့် ပဲပုပ်၊ ယာစပါးမျိုးများမွေးမြူရွေးချယ်ရန်၊ ထုတ်ဝေပြီးသောမျိုးများနှင့် အကျိုးအမြတ်အများဆုံးရရှိစေမည့် စိုက်နည်းစနစ်များရှာဖွေရန်၊ ဖော်ထုတ်ရရှိသော မျိုးနှင့်နည်းပညာများကို တောင်သူများထံ အသိပေးအသုံးချစေရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပေါင် | (၃. ၇၄)လက်မ |
| ကျိုက်မရော | (၃. ၇၄)လက်မ |
| ဘားအံ | (၃. ၆၂)လက်မ |
| ကျောက်ဖြူ | (၃. ၁၁)လက်မ |
| မိုးညှင်း | (၂. ၉၁)လက်မ |
| မုဒုံ | (၂. ၈၄)လက်မ |
| ကျုံပျော် | (၂. ၇၆)လက်မ |
| ဟင်္သာတ | (၂. ၆၅)လက်မ |
| လေးမျက်နှာ | (၂. ၆၀)လက်မ |
| သထုံ | (၂. ၁၇)လက်မ |
| မာန်အောင် | (၂. ၁၃)လက်မ |
| မြင်းခြံ | (၂. ၀၉)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၀ | ၃၃ |
| ရှမ်း(မြောက်) | ၂၃ | ၃၂ |
| ရှမ်း(အရှေ့) | ၂၃ | ၃၀ |
| ရှမ်း(တောင်) | ၁၈ | ၂၇ |
| ချင်း | ၁၅ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၃ |
| နေပြည်တော် | ၂၅ | ၃၂ |
| မန္တလေး | ၂၆ | ၃၅ |
| မကွေး | ၂၅ | ၃၆ |
| ရခိုင် | ၂၃ | ၃၀ |
| ပဲခူး | ၂၄ | ၃၂ |
| ရန်ကုန် | ၂၅ | ၃၂ |
| ဧရာဝတီ | ၂၄ | ၃၂ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၄ | ၂၉ |
| မွန် | ၂၄ | ၂၈ |
| တနင်္သာရီ | ၂၄ | ၃၀ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နေပြည်တော် ဇွန် ၃

## တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ကျိုင်းတုံတပ်နယ်ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းများထောက်ပံ့ပေးအပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ခိုင်ဝင်းက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာထောက်ပံ့ပေးအပ်စဉ်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၊ ကျိုင်းတုံတပ်နယ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ပထမအကြိမ်ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများအား ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

နေပြည်တော် ဇွန် ၃

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၏ ဒုတိယစာသင်နှစ်ဝက်သင်တန်းများ ဖွင့်လှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်သင်တန်းများကို ယနေ့တွင် စတင်ဖွင့်လှစ်သည်။



မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ဘွဲ့ကြိုအင်ဂျင်နီယာဘာသာရပ်ခြောက်ခုဖြစ်သည့် ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာဘာသာရပ်၊ ရေကြောင်းအင်ဂျင်နီယာဘာသာရပ်၊ ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်ဘာသာရပ်၊ ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်၊ မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာဘာသာရပ်၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘာသာရပ်နှင့် ရေကြောင်းသိပ္ပံဘာသာရပ်များတွင် ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၇၇ ဦးတက်ရောက်လျက်ရှိပြီး ဘွဲ့လွန်ဒီပလိုမာဘာသာရပ်သုံးခုဖြစ်သည့် သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုတို့တွင် ကျောင်းသား၊ ကျောင်းသူ ၆၆ ဦးနှင့် ထောက်ပံ့ပို့ဆောင်ရေးနှင့် လုပ်ငန်းကွန်ရက်ချိတ်ဆက်ရေးစီမံခန့်ခွဲမှု မဟာသိပ္ပံသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၅၁ ဦး တက်ရောက်လျက်ရှိသည့်အတွက် စုစုပေါင်း ဘွဲ့ကြို/ဘွဲ့လွန် ကျောင်းသား၊ကျောင်းသူ ၁၀၉၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ♫♫ သဇင်(FM) အသံလွှင့် အစီအစဉ် ♫♫

၄-၆-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့ အာဘော် |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ |
| ၄။ | ၁၅း၃၀ | Opposite Song |
| ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၁၈း၂၀ | Online Request Song |

## စာသင်ကျောင်းတံခါးဖွင့်ကြစို့



- ငါတို့ဌာနီ၊ တို့မြန်ပြည်မှာ
  ပညာတန်ခိုး၊ ဆတက်တိုးဖို့
  တိုင်းကျိုးဂုဏ်အင်၊ ပြည့်စုံလင်ဖို့
  စာသင်ကျောင်းတံခါး ဖွင့်ကြစို့။
- သားသမီးရတနာ၊ ပြည့်သည်းချာတို့
  အနာဂတ်အရေး၊ ပညာရေးမို့
  တွေးဆမြော်မြင်၊ ဉာဏ်နှင့်ယှဉ်လျက်
  စာသင်ကျောင်းတံခါး ဖွင့်ကြစို့။
- လူငယ့်အားမာန်၊ အဖိုးတန်လို့
  ငါးတန်ဗလ၊ ဖြိုးလျှံဝအောင်
  တိကျပညာ၊ သင်ယူရာမို့
  စာသင်ကျောင်းတံခါး ဖွင့်ကြစို့။
- မျိုးဆက်သစ်မွန်၊ ကြယ်တံခွန်သို့
  လူချွန်လူကောင်း၊ ဖြစ်စေကြောင်းနှင့်
  ခေါင်းဆောင်ပုံသွင်၊ ထူးဖြစ်ချင်သော်
  စာသင်ကျောင်းတံခါး ဖွင့်ကြစို့။
- ခေါင်းလောင်းသံသာ၊ သည်ချိန်ခါမှာ
  ပညာရည်မှန်း၊ ဉာဏ်ရည်စွမ်းဖြင့်
  လမ်းမှန်ကိုပင်၊ တွေးဆမြင်ဖို့
  စာသင်ကျောင်းတံခါး ဖွင့်ကြစို့။ ။

**ခင်လေး(ပြည်ထောင်စုနယ်မြေ)**

၃-၆-၂၀၂၄

## မှတ်သားဖွယ်ရာမိုးရေချိန်များ


| | | | | |
|---|---|---|---|---|
| ပေါင် | ၃ | ဒသမ | ၇၄ | လက်မ |
| ကျိုက်မရော | ၃ | ဒသမ | ၇၄ | လက်မ |
| ဘားအံ | ၃ | ဒသမ | ၆၂ | လက်မ |
| ကျောက်ဖြူ | ၃ | ဒသမ | ၁၁ | လက်မ |
| မိုးညှင်း | ၂ | ဒသမ | ၉၁ | လက်မ |
| မုဒုံ | ၂ | ဒသမ | ၈၄ | လက်မ |
| ကျုံပျော် | ၂ | ဒသမ | ၇၆ | လက်မ |

ရန်ကုန် ဇွန် ၃

# ပို့ကုန်တိုးမြှင့်ရေးညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအို တက်ရောက်အမှာစကားပြောကြား

ပို့ကုန်တိုးမြှင့်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအို၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တင်ပို့ရမည့် ပို့ကုန်တန်ဖိုးကို လျာထားသတ်မှတ်ထားပြီးဖြစ်ကြောင်း၊ အလားတူ ဆန်၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ ပို့ကုန်များ လအလိုက်တင်ပို့ရန် လျာထားသတ်မှတ်ပြီးဖြစ်ကြောင်း၊ သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာတင်ပို့နိုင်ရေး အင်တိုက်အားတိုက်ဖြင့် မဖြစ်မနေဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ဆန်စပါးကဏ္ဍ ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲပြုပြင်ခြင်းလုပ်ငန်းမှသည် ဖြန့်ဖြူးရောင်းချ၍ တင်ပို့သည်အထိ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် (Supply Chain) တစ်လျှောက် ဟန်ချက်ညီညီ အားထည့်ဆောင်ရွက်ရန်၊ ပြည်ပဈေးကွက်ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊ ပဲမျိုးစုံနှင့် ပြောင်းကိုလည်း တိုးမြှင့်တင်ပို့နိုင်ရန်၊ ပြည်တွင်းကောက်ပဲသီးနှံ ဈေးကွက်တည်ငြိမ်စေရန်၊ မျှတသည့်ကုန်သွယ်မှု မှန်ကန်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်၊ CMP အထည်ချုပ်လုပ်ငန်းများ၊ ငါး၊ ပုစွန်၊ အခြားရေထွက်ပစ္စည်းများ ပိုမိုတင်ပို့ရန်တို့ကို မဖြစ်မနေ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ပို့ကုန်ဆန်သဘော်များ ဦးစားပေးဆိပ်ကမ်းကပ်ခွင့်ရရှိရေး၊ ကုန်သေတ္တာရရှိရေး၊ ကုန်တင်ယာဉ်ရရှိရေးနှင့် ကုန်တင်ဆိပ်ကမ်းများ၏ လိုအပ်ချက်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးရန်တို့ကို တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။



(သတင်းစဉ်)

နေပြည်တော် ဇွန် ၃

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ





အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုကျဆင်းစေပြီး နိုင်ငံ၏အုပ်ချုပ်ရေးယန္တရား၊ စီးပွားရေးလုပ်ငန်းများအပါအဝင် ဘက်ပေါင်းစုံကို ယိုယွင်းပျက်စီးစေနိုင်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ကျင့်သုံးလျက်ရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်၊ ကျောသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန်၊ စိတ်ကောင်းစေတနာကောင်းထားရှိရန်နှင့် မိမိတာဝန် မိမိကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အဂတိလိုက်စားမှုကို ရှောင်ကြဉ်ကြရန်လိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာနအဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit- CPU)ကိုဖွဲ့စည်းပြီး အဂတိလိုက်စားမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အခမ်းအနားသို့တက်ရောက်လာကြသည့် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိပတ်ဝန်းကျင်နှင့် မိမိအဖွဲ့အစည်းသို့ တစ်ဆင့်ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာများကိုလည်းကောင်း၊ ပိုင်ဆိုင်မှုကြေညာလွှာစိစစ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများကိုလည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသော်သော်နိုင်က စုံစမ်းစစ်ဆေးရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့် အဖွဲ့သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit- CPU)များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၃

# တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဝါစိုက်တောင်သူများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာသို့ ရောက်ရှိပြီး ရှားတောစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းနှင့် စံပြငွေးပင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတို့မှ အသင်းအမှုဆောင်များ၊ အသင်းသားဝါစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက တပ်ကုန်းမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ဝါစိုက်ပျိုးနေမှုအခြေအနေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမအသင်းသားတောင်သူများထံ သွင်းအားစုများထောက်ပံ့ပေးရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဝါစိုက်ပျိုးရေး သမဝါယမအသင်းများက မိုးဝါ ၁၂၁၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ RAKA-666 ဝါမျိုးစေ့များ၊ ကွန်ပေါင်းနှင့် ယူရီးယားဓာတ်မြေဩဇာများကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ဇေယျာသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့ရှိ ဝါစိုက်ဧကများအတွက်လည်း အလားတူ ဝါမျိုးစေ့နှင့် ဓာတ်မြေဩဇာများ အချိန်မီရရှိအောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးရန်နှင့် အဆင့်မီဝါများရရှိရေး၊ ချည်မျှင်နှင့်အထည်များရက်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူးက ဝါစိုက်ပျိုးရေးလုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အသင်းသားတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရှားတောကျေးရွာခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေးစီမံကိန်း သင်တန်းတက်ရောက်မည့် သင်တန်းသူများနှင့်တွေ့ဆုံပြီး သင်ယူတတ်မြောက်မည့် အခြေခံနှင့် မွမ်းမံစက်ချုပ်ပညာရပ်များကို မိသားစုဝင်ငွေတိုးရေးလုပ်ငန်းအပြင် ရိုးရာမပျက်ခေတ်မီဆန်းသစ်သည့် ဒီဇိုင်းများ တီထွင်ဖန်တီးထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရှားတောစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကျော်မင်းစိန်၏ လယ်မြေ (၁) ဧကတွင် RAKA-666 ဝါမျိုးရှစ်ရက်သားစိုက်ပျိုးထားမှုကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာအဆင့်ဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းဖြင့် ဆောင်ရွက်နေသည့် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာရှိ ရက်ကန်းအလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ဝါစိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိရာ ဒေသမှထွက်ရှိသော အဆင့်မီချည်များဖြင့် ရက်ကန်းရက်လုပ်ခြင်းလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်  ဇွန်  ၃

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လှည့်လည်ကြည့်ရှုအားပေး



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မှုနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့တစ်ဦးချင်းစီ၏ ကောင်းမွန်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များရှိကြမည်ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်များအောင်မြင်ရေးအတွက် စာသင်နှစ်စကတည်းက ပညာကို ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ စာတတ်အောင်သင်ကြား၊ သင်ယူရုံသာမက လိမ္မာရေးခြားရှိအောင်၊ စည်းကမ်းရှိအောင်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိအောင်၊ ယဉ်ကျေးလိမ္မာပြီးမိမိတို့ယဉ်ကျေးမှုဓလေ့ကို မြတ်နိုးတန်ဖိုးထားတတ်သူဖြစ်အောင်၊ နိုင်ငံတော်က အားထားရသည့်လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန်ပြောကြားသည်။

ထို့နောက် စာသင်ခန်း၊ စာသင်ဆောင်များ၊ ကျောင်းစိုက်ခင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များစတင်ဖွင့်လှစ်ကြပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ အေးချမ်းစွာပညာသင်ကြား၊ သင်ယူလျက်ရှိကြောင်း၊ ကျောင်းအပ်နှံမှုအနေဖြင့်လည်း မေလ ၂၃ ရက်မှ ယနေ့ကျောင်းစတင်ဖွင့်လှစ်သည့် ဇွန်လ ၃ ရက်အထိ ကျောင်းသား၊ ကျောင်းသူ ၆၅၃၆၇၁၃ ဦး လာရောက်အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်  ဇွန်  ၃

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၃)ဖွင့်လှစ်

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ယခုသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရှိ ပညာဌာနရှစ်ခုမှ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက ခေတ်စနစ်နှင့်လျော်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်သည့် သက်ဆိုင်ရာဘာသာရပ်များကို ပို့ချမည်ဖြစ်ပြီး ပြင်ပကျွမ်းကျင်ပညာရှင်များကလည်း ပညာရပ်ပိုင်းဆိုင်ရာ ဘာသာရပ်များကို လာရောက်ဆွေးနွေးမည်ဖြစ်သည့်အတွက် မိမိတို့၏ အရည်အသွေးမြင့်မားလာစေရေး အပြန်အလှန် ဆွေးနွေးကြစေလိုကြောင်း၊ ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးပမ်းသွားကြရန်နှင့် ဝန်ထမ်းသက်တမ်းတစ်လျှောက် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားပြီး အဂတိတရားကင်းရှင်းကာ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သော ဝန်ထမ်းများဖြစ်အောင် ပြုမူနေထိုင်သွားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၇ ဦး၊ သင်တန်းသူ ၉၂ ဦး စုစုပေါင်း ၁၁၉ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်သည် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၆၈)၊ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၅)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၀၈)တို့၏ စစ်ရေးပြသင်ခန်းစာနှင့် လက်နက်ငယ်သင်ခန်းစာ သင်ယူနေမှု၊ ရိက္ခာသိုလှောင်ထားမှုနှင့် သင်တန်းသား၊ သင်တန်းသူများ၏ စားသောက်ရေး အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

နေပြည်တော်  ဇွန်  ၃

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မန္တလေးတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ



၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးတက္ကသိုလ်၌ ဘာသာရပ်ဆိုင်ရာသင်တန်းများကိုပို့ချပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာဘာသာရပ်အလိုက် အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း မန္တလေးတက္ကသိုလ် (သင်တန်းရေးရာဌာန)မှ သိရသည်။

အဆိုပါမန္တလေးတက္ကသိုလ်တွင် ပထမနှစ် (ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်(ဒုတိယနှစ်ဝက်)၊ တတိယနှစ် (ပထမနှစ်ဝက်)နှင့် (ဒုတိယနှစ်ဝက်)၊ ပထမနှစ်ဂုဏ်ထူးတန်း(ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်ဂုဏ်ထူးတန်း (ဒုတိယနှစ်ဝက်)နှင့် တတိယနှစ်ဂုဏ်ထူးတန်း(ဒုတိယနှစ်ဝက်)၊ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)၊ မဟာအရည်အချင်းစစ် (ဒုတိယနှစ်ဝက်)၊ မဟာပထမနှစ် (ပထမနှစ်ဝက်)နှင့် (ဒုတိယနှစ်ဝက်)၊ မဟာဒုတိယနှစ် (ဒုတိယနှစ်ဝက်)၊ ပါရဂူ(ပထမနှစ်)၊ ပါရဂူ (ဒုတိယနှစ်)၊ ပါရဂူ(တတိယနှစ်)၊ ပါရဂူ (စတုတ္ထနှစ်)စသည့်ဘွဲ့ကြို၊ ဘွဲ့လွန်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၃

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းဆောင်ရွက် Foundation For Life and Culture Movement ကိုရီးယားကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် မြို့ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝမဟာထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီ၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့ အနော်ရထာရပ်ကွက်ရှိ အားမာန်သစ်စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်အတွင်း ပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်များကိုပေးအပ်လှူဒါန်းသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တပ်ကုန်းမြို့နယ်အတွင်းရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ MSME လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းမှ မိုးစပါးအတွက် ဓာတ်မြေဩဇာများကိုပေးအပ်ကြသည်။




ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အောင်မြေရိပ်သာကျေးရွာ ကွင်းအမှတ်(၁၄၁၇)တွင် ၂၀၂၄-၂၀၂၅ ခုနှစ် နွေနှမ်းသီးနှံပေါင်ကြီးတင် စံပြကွက် ၁၀ ဧက စိုက်ခင်း၌ အောင်မြင်ဖြစ်ထွန်းနေသည့် နွေနှမ်းသီးနှံများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့်ကျေးရွာတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆုရကျောင်းများနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့်ကျေးရွာများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် Foundation For Life and Culture Movement ကိုရီးယားကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌တွေ့ဆုံ၍ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးအလုပ်သမားများ ရာသီလုပ်သားခေါ်ယူရေးနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန် ဇွန် ၃

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် စတင်ပညာသင်ကြား



၂၀၂၄ - ၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သော ယနေ့၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၇၅၄ ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၀၀၇၆၉၅ ဦး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သော မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မူလတန်းကျောင်း ၁၆၈၀၊ အလယ်တန်းကျောင်း ၆၆၅ ကျောင်းနှင့် အထက်တန်းကျောင်း ၄၀၉ ကျောင်းဖြင့် စုစုပေါင်း ၂၇၅၄ ကျောင်းတို့၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံခဲ့ကြပြီး ကျောင်းများစတင်ဖွင့်လှစ်သည့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၀၇၆၉၅ ဦး စတင်ပညာသင်ကြားနေခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဖွင့်ချိန်၌ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာပညာသင်ကြားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က “ဇွန်လ ၃ ရက် ကျောင်းဖွင့်ချိန်မှာ စာသင်ကြားနိုင်ဖို့ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှုနဲ့အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကူညီပံ့ပိုးမှုနဲ့ ကျောင်းအားလုံးပတ်ဝန်းကျင်နဲ့ ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းရေး၊ စာသင်ခန်းအလင်းဖွင့်ဆောင်ရွက်ခြင်း၊ စာသင်ခန်းနဲ့ စာသင်ခုံများသန့်ရှင်းသပ်ရပ်နေအောင် ဆောင်ရွက်ခြင်းစတဲ့လုပ်ငန်းစဉ်တွေမှာ တတ်နိုင်သမျှပြည့်စုံအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်” ဟုပြောသည်။

ရန်ကုန်မြို့အတွင်းရှိ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သည့် ကျောင်းများတွင် အထင်ကရတစ်ခုဖြစ်သော ဗိုလ်တထောင်အမှတ်(၆)အထက်တန်းကျောင်း (စိန်ပေါအမျိုးသားကျောင်း)တွင် ကျောင်းစတင်ဖွင့်လှစ်သောနေ့၌ ကျောင်းတက်သူ ကျောင်းပို့သူတို့ဖြင့်စည်ကားခဲ့ပြီး ကျောင်းဖွင့်ချိန်၌ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဗိုလ်တထောင်ခရိုင်ပညာရေးမှူး ဒေါက်တာခင်သူစိန်က “ဗိုလ်တထောင်ခရိုင်မှာအခြေခံပညာကျောင်း ၁၃၄ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက ကိုးကျောင်းနဲ့ ပုဂ္ဂလိကကျောင်း ၁၆ ကျောင်းရှိပါတယ်။ ဇွန်လ ၂ ရက်အထိ ကျောင်းသားပေါင်း ၅၄၅၀ အပ်နှံထားပါတယ်။ အခမဲ့ပညာရေးမူဝါဒစနစ်ဖြစ်တဲ့အတွက် ကျောင်းသား၊ ကျောင်းသူများထံက မည်သည့်အခကြေးငွေမျှကောက်ခံခြင်းမရှိဖို့ မြို့နယ်ကျောင်းများကို မှာကြားထားပါတယ်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်းမှာလည်း ကျောင်းအပ်နှံရေးကို ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းသာယာလှပရေးကိုလည်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာ၊ ကျောင်းအကျိုးတော်ဆောင်တွေနဲ့ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြပါတယ်။ ကျောင်းကိုရောက်လာတဲ့ကျောင်းသားတိုင်း ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေးကိုလည်း ကြိုးစားဆောင်ရွက်သွားရမှာပါ။ ကျောင်းအပ်နှံတဲ့နေ့မှာလည်း အထောက်အပံ့ပစ္စည်းတွေ ကျောင်းသားတွေ လက်ဝယ်ရောက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ နေရပ်စွန့်ခွာနဲ့အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ရပ်နားခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံဖို့ အခွင့်အရေးရရှိအောင် စီစဉ်ဆောင်ရွက်ပေးဖို့ ကျောင်းအုပ်များကို ညွှန်ကြားထားပါတယ်။ မနှစ်ကထက် ကျောင်းသားတိုးလာခြင်းဟာ သာတူညီမျှအခွင့်အရေးရရှိပြီး လူမျိုးဘာသာမရွေး ပညာသင်ယူခွင့်ရရှိတဲ့ ပညာရေးမူဝါဒကြောင့်ဖြစ်ပါတယ်။ ကျောင်းနေပျော်ပြီး စာတော်အောင် ဆရာ၊ ဆရာမများက ဆက်လက်ကြိုးစားဆောင်ရွက်သွားရမှာပါ” ဟုပြောသည်။

ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အထက်တန်းကျောင်း Grade-11 တွင် စတင်ပညာသင်ကြားနေသည့် မောင်မင်းခန့်ညီညီက “ကျောင်းပိတ်ချိန်မှာ ဂိမ်းဆော့၊ စာဖတ်ရင်း အချိန်ကုန်ခဲ့ပြီး သူငယ်ချင်းတွေကို သတိရခဲ့ပါတယ်။ ဒီနေ့ကျောင်းဖွင့်ရက်ဟာ အပျော်ဆုံးပါပဲ။ သူငယ်ချင်းတွေအားလုံး နီးပါး ပြန်တွေ့ရတော့ဝမ်းသာတယ်။ Grade-10 မှာ ဆရာ၊ ဆရာမများလမ်းညွှန်ပြသမှုနဲ့ ဖြေဆိုနိုင်ခဲ့တာကြောင့် အတန်းတက်ပြီး ပညာသင်ယူရတာကိုလည်း ဂုဏ်ယူပါတယ်။ ဖေဖေ့လို့ သင်္ဘောသားဖြစ်ချင်တယ်။ ဒါကြောင့် ကြိုးစားပြီးသင်ယူနေပါတယ်။ မနှစ်က လူရည်ချွန်မဖြေခဲ့ရတာကြောင့် ဒီနှစ်ဖြေဆိုဖို့ ကြိုးစားသွားမှာပါ။ သူငယ်ချင်းတွေကိုလည်း စာကိုစိတ်ဝင်တစားသင်ယူပြီး တိုင်းပြည်ကို အကျိုးပြုတဲ့ကျောင်းသားကောင်းများဖြစ်ပါစေလို့ အမြဲဆန္ဒပြုနေပါတယ်”ဟုပြောသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးဆောင်ပုဒ်ဖြစ်သော “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” ဆောင်ပုဒ်နှင့်အညီ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းအပ်နှံမှုကို လက်ခံခဲ့ကြပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်ဖြစ်သော မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကိုဖန်တီးပေးနိုင်သည့် ပညာရေး စနစ်တစ်ခုဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ ယနေ့ကျောင်းများစတင်ဖွင့်ချိန်၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားကြလျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

# ကောက်ရိုးကိုအာဟာရဓာတ်ပြုပြင်မြှင့်တင်လို့ ကျွဲ နွားများကိုကျွေးမွေးကြပါစို့

ကောက်ရိုးသည် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ကောက်ရိုးကို နွားစာအဖြစ်အသုံးပြုလာခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံဒေသအနှံ့အပြား၌ ခြောက်သွေ့ရာသီတွင် ကောက်ရိုးကို ကျွဲ၊ နွားများအတွက် အစာကြမ်းအဖြစ် အဓိကကျွေးမွေးကြသည်။ ကောက်ရိုးကျွေးမွေးခြင်းကြောင့် အရွယ်ရောက်ပြီး ကျွဲ၊ နွားများတွင် ခန္ဓာကိုယ်အလေးချိန်လျော့ကျခြင်း၊ နွားငယ်များတွင် ကြီးထွားနှုန်းနှေးခြင်းတို့ကိုဖြစ်ပေါ်စေသည်။ ကောက်ရိုးသည် စပါးစိုက်ပျိုးသောဒေသတိုင်း၌ အလွယ်တကူရရှိနိုင်သော စိုက်ပျိုးရေးဘေးထွက် ကုန်ကြမ်းပစ္စည်းဖြစ်ပြီး ကောက်ရိုးကို ကျွဲ၊ နွားအစားအစာအဖြစ် ကျွေးမွေးခဲ့သည်မှာ ရှေးပဝေသဏီကပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကောက်ရိုးကျွေးမွေးသော ကျွဲ၊ နွားများဖြင့် လယ်ယာလုပ်ငန်းကို ဆောင်ရွက်ခဲ့ရပြီး စက်မှုလယ်ယာသို့ကူးပြောင်းချိန်တွင်လည်း ကျွဲ၊ နွားများကို ဆက်လက်အသုံးပြုနေရဆဲဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏အသက်သွေးကြောဖြစ်၍ ကောက်ရိုးသည်လည်း တိရစ္ဆာန်အစာအဖြစ် သွယ်ဝိုက်သောနည်းဖြင့် အရေးပါလျက်ရှိနေသည်။ ကောက်ရိုးထက်ဈေးနှုန်းသက်သာပြီး အလွယ်တကူရနိုင်သောတိရစ္ဆာန်အစားအစာကို အစားမထိုးနိုင်သရွေ့ ကောက်ရိုးသည် မြန်မာနိုင်ငံ၏ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းတွင် အရေးပါနေမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ကျွဲ၊ နွားမွေး တောင်သူများသည် ကောက်ရိုးကို ကောက်ရိုးပုံအဖြစ်လည်းကောင်း၊ ကောက်ရိုးစဉ်းဖတ်အဖြစ်လည်းကောင်း သိုလှောင်၍ ဆား၊ ဖွဲနု၊ နှမ်းဖတ်၊ ပဲဖတ်၊ ပဲမှော် စသည်တို့ဖြင့် ရောနှောကျွေးမွေးကြသည်။ ဤသို့ကျွေးမွေးခြင်းဖြင့် ကျွဲ၊ နွားတို့၏အစာစားနှုန်းကို တိုးတက်စေသော်လည်း ကောက်ရိုး၏အစာချေဖျက်ခံရမှုနှင့် အာဟာရတန်ဖိုးတို့အား တိုးတက်ပြောင်းလဲနိုင်စွမ်းမရှိပါ။ ထို့ကြောင့် ကောက်ရိုး၏အာဟာရတန်ဖိုးမြင့်တက်စေရန် ကုန်ကျစရိတ်နည်းနည်းဖြင့် ရုပ်ပိုင်းနည်းဖြင့်ပြုပြင်ခြင်း (Physical treatment)၊ ဓာတုနည်းဖြင့်ပြုပြင်ခြင်း (Chemical treatment)နှင့် ဇီဝနည်းဖြင့်ပြုပြင်ခြင်း (Biological treatment) နည်းလမ်းတို့ကိုအသုံးပြု၍ ကျွေးမွေးခဲ့ကြသည်။

ကောက်ရိုးကိုစဉ်းဖတ်ပြုလုပ်ခြင်း၊ အမှုန့်ပြုလုပ်ခြင်း၊ အစာတောင့်ပြုလုပ်ခြင်း စသည့်နည်းများသည် ရုပ်ပိုင်းပြုပြင်ခြင်းနည်းလမ်းများဖြစ်သည်။ ကောက်ရိုးကို ထုံး၊ ယူရီးယား၊ အမိုးနီးယား စသည်တို့ဖြင့် ပြုပြင်ကျွေးမွေးခြင်းနည်းတို့သည် ဓာတုနည်းဖြင့် ပြုပြင်ခြင်းဖြစ်သည်။ ကောက်ရိုးကို ထရိုင်ကိုဒါးမားမှို (Trichoderma fungus)ဖြင့် ပြုပြင်ကျွေးမွေးခြင်း၊ ကောက်ရိုးကို ဗက်တီးရီးယားထည့်သွင်းအချဉ်ဖောက်ပြုလုပ်ခြင်း စသည့်နည်းတို့သည် ဇီဝနည်းလမ်းဖြင့်ပြုပြင်ခြင်းများဖြစ်သည်။

ကောက်ရိုးကိုယူရီးယားဖြင့်ပြုပြင်ကျွေးမွေးခြင်းသည် ကျွဲ၊ နွားများအတွက် အစာချေဖျက်ရန် ခက်ခဲသည့် ကောက်ရိုးတွင်ပါဝင်သော လင်နင် (Lignin) ဓာတ်နှင့် အသားဓာတ်၊ အမျှင်ဓာတ်တို့ချိတ်ဆက်နေမှုကိုပြေလျော့စေ၍ကောက်ရိုးတွင်ပါဝင်သောအာဟာရတန်ဖိုးမြင့်တက်လာစေပြီး ကျွဲ၊ နွားများမှ လွယ်ကူစွာစားသုံးနိုင်ခြင်းဖြစ်သည်။ ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ကျွေးမွေးရာတွင် ယူရီးယားအသုံးပြုမှုကို (၃-၁၀)ရာခိုင်နှုန်းအထိ သုတေသနပြုလုပ်၍ လေ့လာခဲ့ကြသည်။ သို့သော်လည်း ကောက်ရိုးအလေးချိန်များစွာပြုလုပ်မည်ဆိုပါက ယူရီးယား ငါးရာခိုင်နှုန်းအသုံးပြုခြင်းသည် ကောင်းမွန်သင့်လျော်သည်။ ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ကျွေးမွေးမည်ဆိုပါက အောက်ပါအတိုင်း လုပ်ဆောင်ရမည်ဖြစ်သည်-

* ကောက်ရိုးစုဆောင်းထားရှိပါ။
* ယူရီးယား ၁ အိတ်၊ ၄ ဂါလန်ဆံ့ ရေဖျန်းပုံး၊ လီတာ ၉၀ ဆံ့ ကျောက်စည်၊ ပလတ်စတစ်၊ တိပ်အကြည်၊ ခက်ရင်းခွ ၂-၃ ချောင်းတို့ကို အဆင်သင့်ပြင်ထားပါ။
* ၁၀ ပေ × ၁၀ ပေ × ၆ ပေ ရှိ အုတ်ကန် သို့မဟုတ် အခန်းပြင်ဆင်ထားရှိပါ။ ထိုအတိုင်း အတာအတွင်း ကောက်ရိုး နှစ်တန်ခန့် ထည့်သိပ်သိုလှောင်နိုင်သည်။




ဖိလစ်ပိုင်နိုင်ငံ၌ လူဖြင့်နင်း၍လည်းကောင်း၊ ရိုက်၍လည်းကောင်း စပါးခြွေစဉ်။



ထိုင်းနိုင်ငံ၌ လူဖြင့်ရိုက်၍စပါးခြွေစဉ်။



သီရိလင်္ကာနိုင်ငံ၌ ကျွဲဖြင့်တလင်းနယ်စဉ်။



ထိုင်းနိုင်ငံ၌ အရိပ်အောက်တွင် စုဆောင်းစဉ်။



သီရိလင်္ကာနိုင်ငံ၌ ကောက်ရိုးကိုပုံ၍ စုဆောင်းစဉ်။

* ၁၀ ပေ × ၁၀ ပေ × ၆ ပေရှိ အုတ်ကန် သို့မဟုတ် အခန်းအတွင်းသို့ ကောက်ရိုး ၁၆ ကီလိုဂရမ်ထည့်ပြီး ဖြန့်ထားပါ။ ထို့နောက် ကျောက်စည်ထဲမှယူရီးယားဖျော်ရည်ကို ၄ ဂါလန်ဆံ့ ရေဖျန်းပုံးဖြင့် တတ်နိုင်သမျှနှံ့အောင်ဖျန်းပြီး ခြေဖြင့်နင်းသိပ်ပါ။ မိမိအလိုရှိသောပမာဏ ရရှိသည်အထိ ကောက်ရိုး ၁၆ ကီလိုဂရမ်လျှင် ယူရီးယားဖျော်ရည် ၄ ဂါလန်နှုန်းဖြင့် အထက်ပါနည်းအတိုင်း ဆောင်ရွက်ပါ။
* ယခုအသုံးပြုသောအချိုးအစားမှာ ကောက်ရိုး ၁ ကီလိုဂရမ်အတွက် ရေ ၁ လီတာနှင့် ယူရီးယား ၅၀ ဂရမ်နှုန်း အသုံးပြုထားသည်။
* မိမိအလိုရှိသောပမာဏအထိ ကောက်ရိုးကို နင်းသိပ်ပြီး ပလတ်စတစ်ဖြင့်ဖုံးအုပ်ပါ။
* ပလတ်စတစ်ကို အခန်းနံရံနှင့် ကောက်ရိုးများကြားထိုးသွင်း၍ တတ်နိုင်သမျှ လေလုံအောင် ဖုံးထားပါ။
* ပလတ်စတစ်တွင် အပေါက်များရှိပါက လေလုံအောင် တိပ်ဖြင့်ပိတ်ပါ။ ဖုံးထားသောပလတ်စတစ်အပေါ်သို့ ကောက်ရိုးအနည်းငယ် ထပ်မံဖုံးအုပ်ပါ။ ပြုလုပ်သည့်နေ့ရက်ကိုမှတ်တမ်းထားပါ။
* အထက်ပါနည်းအတိုင်း ပြုလုပ်ဆောင်ရွက်ပြီး အနည်းဆုံး ၁၄ ရက်ထားရမည်။ ၁၄ ရက်ပြည့်ပြီးသော်လည်း ကျွဲ၊ နွားများအား အသုံးပြုကျွေးမွေးခြင်းမပြုမီအချိန်ထိ ဖုံးအုပ်ထားနိုင်သည်။ ဖုံးအုပ်ထားစဉ် ရေဝင်ခြင်းမရှိအောင် ဆောင်ရွက်ပါ။ မိုးရာသီတွင် အမိုးအကာအောက်တွင်ပြုလုပ်ပါ။



ကောက်ရိုးကို ယူရီးယားဖြင့် အာနိသင်ပြုပြင်ပုံအဆင့်ဆင့်။




ကောက်ရိုးကို အစိုဓာတ်မဝင်စေရန်နှင့် မှိုမပေါက်ပွားစေရန် ပလတ်စတစ်စဖြင့်အုပ်ထားစဉ်။

* ကောက်ရိုးထည့်သိပ်မည့် အခန်းအနီးတွင် ရေလီတာ ၉၀ ဆံ့သော ကျောက်စည်အတွင်းသို့ ယူရီးယား ၄ ဒသမ ၅ ကီလိုဂရမ်ထည့်ပြီး ရေအပြည့်ထည့်ပါ။ ထို့နောက် ယူရီးယားများ ရေတွင်ပျော်ဝင်အောင်မွှေပါ။
* အရေးကြီးဆုံးအချက်မှာ ကျွဲ၊ နွားများအား မကျွေးမွေးမီအချိန် ဖုံးအုပ်ထားသောပလတ်စတစ်ကို အနည်းဆုံး ၂-၆ နာရီကြိုတင်၍ ဖယ်ပြီး လေသလပ်အောင်ထားပါ။

စာမျက်နှာ ၁၄ သို့ ➤




မြန်မာနိုင်ငံ၌ လူဖြင့်စပါးရိတ်သိမ်း၍ ကောက်ရိုးအဖြစ်ခြောက်သွေ့အောင်နေလှန်းစဉ်။

➢ စာမျက်နှာ ၁၃ မှအဆက်

**နွားပြာစိမ်းများ၏ ကြီးထွားနှုန်းအပေါ် အကျိုးသက်ရောက်မှု**

မွေးမြူရေးသုတေသနဦးစီးဌာနတွင် ပဲနှစ်၊ သဘာဝကောက်ရိုး၊ ယူရီးယားဖြင့်ပြုပြင်သည့် ကောက်ရိုးနှင့် နံ့စားပြောင်းချဉ်ဖတ်တို့ကို ကျွေးမွေးခြင်းဖြင့် နွားများ၏ကြီးထွားနှုန်းအပေါ် အကျိုးသက်ရောက်မှုကို သုတေသနပြုလုပ်ခဲ့သည်။ သုတေသနတွင် အသုံးပြုကျွေးမွေးသော အစာကြမ်း ၃ မျိုးနှင့် ပဲနှစ်တို့ကို ဓာတ်ခွဲစမ်းသပ်ပြီး အာဟာရပါဝင်နှုန်းများမှာအောက်ပါအတိုင်းဖြစ်သည်-

**ဇယား(၁)။ အာဟာရပါဝင်မှုနှုန်းများ**

| စဉ် | အစာအမျိုးအမည် | DM % | OM % | Ash | CP % | NDF % | ADF % |
|---|---|---|---|---|---|---|---|
| ၁။ | ပြုပြင်ထားသောကောက်ရိုး | ၆၅.၈၉ | ၈၆.၉၄ | ၁၃.၀၅ | ၇.၁၇ | ၆၃ | ၅၉.၈၉ |
| ၂။ | မပြုပြင်သောကောက်ရိုး | ၉၆.၄၀ | ၈၈.၂၄ | ၁၁.၇၅ | ၁.၇၉ | ၆၉.၂ | ၅၈.၆ |
| ၃။ | နံ့စားပြောင်းချဉ်ဖတ် | ၂၈.၆၆ | ၉၁.၈၉ | ၈.၁၀ | ၈.၁၃ | ၆၅.၉ | ၅၉.၁ |
| ၄။ | ပဲနှစ် | ၉၀.၈၂ | ၅၉.၆၁ | ၄.၃၉ | ၉.၃၉ | ၄၃.၃ | ၄၁.၀၈ |

DM = Dry Matter
(တိရစ္ဆာန်ရရှိသော အသားတင်အခြောက်အစာ)
OM = Organic Matter
(ကစီ၊ အသားနှင့် အဆီတို့ပါဝင်သော အော်ဂဲနစ်ဒြပ်ပေါင်း)
CP = Crude Protein
(အသားဓာတ်)
NDF = Neutral Detergent Fibre
(အနည်းငယ်ချေဖျက်ရခက်သော အမျှင်ဓာတ်)
ADF = Acid Detergent Fibre
(ချေဖျက်ရအလွန်ခက်သော အမျှင်ဓာတ်)

ထို့ပြင် ဇယား(၂)တွင် ဖော်ပြထားသည့် အခြောက်ဓာတ်အခြေခံတွက်ချက်မှုများအရ ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးပါက အစာစားနှုန်း သိသိသာသာတိုးတက်လာသည်။ ထို့ကြောင့် ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ကျွေးမွေးခြင်းသည် ပြုပြင်ခြင်းမရှိသောကောက်ရိုးကို ကျွေးမွေးသည့် နွားများထက် ကြီးထွားနှုန်းကောင်းသည်။ သက်တမ်းရက် ၇၀ ရှိ နံ့စားပြောင်းပင်ကို ချဉ်ဖတ်ပြုလုပ်ကျွေးမွေးခြင်းနှင့် ယူရီးယားဖြင့် ကောက်ရိုးကိုပြုပြင်ကျွေးမွေးခြင်းသည် နွားငယ်လေးများ၏ ကြီးထွားနှုန်းအပေါ်တွင် သိသိသာသာကွာခြားမှုမရှိကြောင်း တွေ့ရှိရသည်။

**ဇယား(၂)။ အစာစားနှုန်းနှင့် ခန္ဓာကိုယ်အလေးချိန်တိုးတက်မှု**

| စဉ် | အစာအမျိုးအစား | မူလအစာစားနှုန်း (ကီလို) | | အခြောက်ဓာတ်အခြေခံ အစာစားနှုန်း(ကီလို) | | ခန္ဓာကိုယ် အလေးချိန် တိုးတက်မှု(ကီလို) | |
|---|---|---|---|---|---|---|---|
| | | ပထမ (၂၁)ရက် | ဒုတိယ (၂၁)ရက် | ပထမ (၂၁)ရက် | ဒုတိယ (၂၁)ရက် | ပထမ (၂၁)ရက် | ဒုတိယ (၂၁)ရက် |
| ၁။ | ပြုပြင်ထားသော ကောက်ရိုး | ၅.၉၅ | ၅.၁၅ | ၄.၀၂ | ၃.၅၂ | ၇.၆၆ | ၅ |
| ၂။ | မပြုပြင်သော ကောက်ရိုး | ၂.၆၆ | ၂.၇၃ | ၂.၆၄ | ၂.၂၆ | ၃.၆၆ | ၂.၂၃ |
| ၃။ | နံ့စားပြောင်း ချဉ်ဖတ် | ၉.၈၅ | ၉.၅၉ | ၂.၉၀ | ၂.၉၅ | ၅.၀ | ၇.၃ |

အထက်ဖော်ပြပါ သုတေသနပြုလုပ်ရရှိသော အချက်အလက်များအရ ဇယား(၁)တွင် ဖော်ပြထားသည့်အတိုင်း ကောက်ရိုးကိုယူရီးယားဖြင့်ပြုပြင်ပြီး အချိန်တွင် အသားဓာတ်ပါဝင်မှုနှုန်း (CP %) သိသိသာသာတိုးတက်လာသည်ကို တွေ့ရှိရသည်။


**ရရှိနိုင်သည့်အကျိုးကျေးဇူးများ**

နို့စားနွားမများတွင် ကောက်ရိုးကိုယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်းသည် ပြုပြင်ထားခြင်းမရှိသော ကောက်ရိုးကိုကျွေးခြင်းထက် နို့ထွက်နှုန်းပိုမိုခြင်း၊ အစာစားနှုန်းကောင်းမွန်ပြီး မြိုင်သံသရာလည်ပတ်မှု မှန်ကန်ခြင်း၊ မျိုးအောင်နှုန်းကောင်းမွန်ခြင်းအကျိုးကျေးဇူးများရရှိကြောင်း တွေ့ရှိရသည်။ အစာအိမ်လေဖောင်းခြင်းနှင့် အအေးမိခြင်းကဲ့သို့သော ရောဂါဖြစ်ပွားမှု လွန်စွာနည်းခြင်းကိုလည်း တွေ့ရှိရသည်။ ဒေသနွားများတွင် ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ကျွေးမွေးသော ဒေသနွားများသည် ပြုပြင်ထားခြင်းမရှိသော ကောက်ရိုးကျွေးမွေးသည့် ဒေသနွားများထက် အစာစားနှုန်း ကောင်းမွန်ခြင်း၊ ကြီးထွားနှုန်းကောင်းမွန်ခြင်း၊ ရောဂါဒဏ်ခံနိုင်ရည်ကောင်းမွန်ခြင်းစသည့်အကျိုးကျေးဇူးများရရှိစေသည်ကို လေ့လာတွေ့ရှိရသည်။

နွားမွေးမြူရေးလုပ်ငန်းအောင်မြင်ရန်အတွက် အစာအရည်အသွေးကောင်းမွန်ရန်နှင့် အစာလုံလောက်စွာရရှိရေးသည် အဓိကအချက်ဖြစ်သည်။ ထို့ပြင် နွားမွေးမြူရေးလုပ်ငန်းမှထွက်ရှိသော အသား၊ နို့နှင့် သားရေချပ်များအတွက် ဈေးကွက်ကောင်းများ ပေါ်ပေါက်လာရေးအချက်သည်လည်း အရေးကြီးသည်။ ထိုကဲ့သို့ ဈေးကွက်ကောင်းဖော်ဆောင်နိုင်ပါက စားကျက်မြေများစိုက်ပျိုး၍ မြက်ချဉ်ဖတ်ပြုလုပ်ခြင်း၊ မြက်ခြောက်များပြုလုပ်ခြင်းတို့ပြုလုပ်ကျွေးမွေးခြင်းဖြင့် နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာမည်။ မြန်မာနိုင်ငံ၏ နွားမွေးမြူရေးလုပ်ငန်းအများစုသည် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းဖြစ်သည့် ကောက်ရိုးအပေါ်မှီခိုမွေးမြူနေကြဆဲဖြစ်သည်။ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်မွေးမြူသူများတွင် စားကျက်သီးခြားစိုက်ပျိုးမွေးမြူနိုင်သူနည်းပါးသည်။ စားကျက်ကွင်းများအတွင်း စားကျက်ပင်သီးခြားမစိုက်ပျိုးနိုင်သော နွားမွေးမြူရေးသမားများနှင့် ကောက်ရိုးအပေါ်မှီခိုကျွေးမွေးနေကြသော နွားမွေးမြူရေးသမားများအတွက် ယူရီးယားဖြင့် ကောက်ရိုးကိုပြုပြင်ကျွေးမွေးခြင်းသည် ကုန်ကျစရိတ်အနည်းဆုံးနှင့် အသုံးဝင်အကျိုးအရှိဆုံး နည်းလမ်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံရှိအချို့ဒေသများ၌ ကောက်ရိုးကို နွားမွေးမြူရေးအတွက် အကျိုးရှိစွာအသုံးမပြုဘဲ မီးရှို့၍ သဘာဝမြေဩဇာအဖြစ် အသုံးပြုကြသည်ကိုလည်း တွေ့ရှိနိုင်သည်။ ထို့ကြောင့် နွားမွေးမြူရေးလုပ်ကိုင်ပြီး စားကျက်စိုက်ပျိုးရန် မြေမရှိသူများ၊ ကောက်ရိုးအပေါ်မှီခို၍ နွားမွေးမြူသူများအတွက် ကောက်ရိုးကိုယူရီးယားဖြင့်ပြုပြင်၍ ကျွေးမွေးသောနည်းလမ်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်းသက်ရောက်ပြီး နွားမွေးမြူရေးအတွက် အကျိုးပြုသောနည်းလမ်းဖြစ်သည်။ ထို့ကြောင့် ကောက်ရိုးကို ယူရီးယားဖြင့် အာဟာရဓာတ်ပြုပြင်မြှင့်တင်၍ နွားများကိုကျွေးမွေးခြင်းဖြင့် နွားမွေးမြူရေးလုပ်ငန်းကို မြှင့်တင်ကြပါစို့ဟု တိုက်တွန်းရင်းရေးသားတင်ပြလိုက်ရပါသည်။ ။




ကောက်ရိုးကို ပုံစံအမျိုးမျိုးဖြင့်ဖိသိပ်၍ အာနိသင်အားပြုပြင်ခြင်း။



အာနိသင်အား ပြုပြင်ထားသော ကောက်ရိုးကို နို့စားနွားများအား ကျွေးမွေးစဉ်။

**ကိုးကားကျမ်းစာရင်း**

1.Aung San Win et al 2023: Myan, Annual conference: Department of Livestock and Aquaculture Research.

2.Tin Ngwe et al 1993: Myan. J.Agric. Sci. 5; 65-75.

3.Indian Council of Agriculture Research; Urea treatment of poor quality roughages. https://krishi.icar.gov.in.

**မင်းစံပယ်(မွေး/သု)**

ရပ်စောက်၊ လူမှုရေး

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလက်သမား ပန်းရန်သင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်လာစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၃ ရက်နံနက်ပိုင်းတွင် အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ ရပ်စောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးရှေးရယ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းပြီးဆုံးပါက ရရှိလာမည့် အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းတွင်သင်ကြားပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်သည်။

အဆိုပါ သင်တန်းကို မြို့နယ်အတွင်းရှိ ကျောက်တော ခေတ်မီစံပြကျေးရွာမှ သင်တန်းသား ၂၀ ဦးတက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြဆရာများက လက်သမားနှင့်သက်ဆိုင်သည့် အသိပညာ၊ အတတ်ပညာများကို စာတွေ့လက်တွေ့ဖြင့် ၂၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**

နေပြည်တော် ဇွန် ၃

# (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီအမှုဆောင် အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ ဇွန်လ ၅ ရက်မှ ၈ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာအရာရှိကြီးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သော ပုဂ္ဂလိကအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များ လိုက်ပါသွားကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၃

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ တေဟုန်ပြည်နယ်ခွဲသို့သွားရောက် ပြည်သူချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုလုပ်ငန်းများဆောင်ရွက်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တေဟုန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲအစိုးရအဖွဲ့မှ ဖိတ်ကြားချက်အရ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ စီစဉ်မှုဖြင့် ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ မူဆယ်ခရိုင်တာဝန်ခံ ဦးခင်ဦး(ခ) ဦးရှင်ဖူး ဦးဆောင်သောအဖွဲ့ဝင် ၂၂ ဦးသည် မေလ ၂၉ ရက်က မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် မန်စီမြို့သို့ ထွက်ခွာခဲ့သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့၏ မေလ ၂၉ ရက်မှ ဇွန်လ ၂ ရက်အထိ ငါးရက်ကြာ ခရီးစဉ်အတွင်း ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ တွေ့ဆုံဆွေးနွေးဖလှယ်ခြင်း၊ တေဟုန်ပြည်နယ်အသက်မွေးဝမ်းကျောင်းကောလိပ်တွင် သူနာပြုဘာသာရပ်၊ တိုင်းရင်းဆေးနှင့်အခြားပညာတော်သင်များ ရွေးချယ်စေလွှတ်ရေးကိစ္စများကို အပြန်အလှန်ဆွေးနွေးခြင်း၊ ကုမ္ပဏီစက်ရုံအလုပ်ရုံများ ကြည့်ရှုလေ့လာခြင်း၊ နယ်စပ်ဒေသချင်းနီးစပ်၍ ဗုဒ္ဓဘာသာဝင် အများစုရှိသော ဒေသဖြစ်သဖြင့် အထင်ကရရှိသော မန်စီ ရွှေစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ အလှူငွေများ ပေးအပ်ခြင်းစသည့် ပြည်သူချင်း ပိုမိုချစ်ကြည်ရင်းနှီးရေးကိစ္စရပ်များ ဆောင်ရွက်ခဲ့ကြပြီး ယမန်နေ့ညပိုင်းက ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

ထို့ပြင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)၏စီစဉ်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ HUNAN ပြည်နယ် Huanghe S&T University တွင် မေလ ၂၄ ရက် မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့တက္ကသိုလ်အမျိုးသမီးပါမောက္ခချုပ်များ၏ The 11th World Women University Presidents Forum သို့ မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမြင့်တက်ရောက်ခဲ့ပြီး အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၆၅ နိုင်ငံမှကိုယ်စားလှယ် ၂၇၀ ကျော်တက်ရောက်ကြကာ ပညာရေးကဏ္ဍပေါင်းစုံအတွက် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော် ဇွန် ၃

# Naypyitaw State Academy ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများဖွင့်လှစ်



Naypyitaw State Academy ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလသင်တန်းများ အားလုံးကို ယနေ့တွင် စတင်ဖွင့်လှစ်ရာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားကြသည်။

Naypyitaw State Academy ၏ အတန်းအသီးသီးသို့ တက်ရောက်ရန် လာရောက်ကြသည့်ကျောင်းသား၊ ကျောင်းသူများကို အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးကြသည်။

Naypyitaw State Academy တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာနှင့် ဆေးပညာအထူးပြု ဘာသာရပ်များ၏ ပထမနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဂုဏ်ထူးတန်းပထမနှစ်နှင့် ဂုဏ်ထူးတန်း ဒုတိယနှစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်    ဇွန်    ၃

## ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေး ဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းလူက ရေတပ်လေ့ကျင့်ရေး ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းလူနှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဌာနချုပ်မှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ် အသင်းတို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဌာနချုပ်မှူးနှင့်အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက်ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း(၁၁)သင်းဖြင့် မေလ ၂၉ ရက်မှ ယနေ့အထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော်    ဇွန်    ၃

## ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်း၊ အားကစားခန်းမ၌ ပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသည့်အသင်းများနှင့် ဒိုင်းဆုရရှိသည့်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြသည်။




ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုရရှိသည့်အသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကွပ်ကဲမှုအောက် ဌာနချုပ်၊ တပ်စခန်းများမှ ပြိုင်ပွဲဝင်အသင်း(၁၃)သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန(စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

နေပြည်တော်  ဇွန်  ၃

### မိုးဆက်လက်ပိုနေမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**



အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတော်အလံအား အလေးပြုနေမှုကိုတွေ့ရစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာကျောင်းတက်ရောက်နေမှုကိုတွေ့ရစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာကျောင်းတက်ရောက်နေမှုကို တွေ့ရစဉ်။

✳ **ရှေ့ဖုံးမှအဆက်**

သင်ကြားလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများကို သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်းကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများနေရာချထားခြင်း၊ ကျောင်းကြို/ပို့ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားသည်။

ထို့ပြင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူလူထုလုံခြုံရေးအဖွဲ့များပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရှိရသည်။

အခုလို အခြေခံပညာကျောင်းများဖွင့်လှစ်ကာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း အခုလိုပဲကြားသိရပါတယ်-

“ကျွန်တော်ကတော့ ဆရာကြီး ဦးဝင်းမြင့်ဦးပါ။ အ.ထ.က(၅) နေပြည်တော်ရဲ့ကျောင်းအုပ်ဆရာကြီးဖြစ်ပါတယ်။ ဒီ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ကျောင်းသားတွေအတွက်ဆိုပြီးတော့ နိုင်ငံတော်ကနေ အခမဲ့ပညာရေးအပြင် ဝတ်စုံတွေပေးတယ်။ ဗလာစာအုပ်တွေပေးတယ်။ ခဲတံတွေ၊ ဘောပင်တွေ နိုင်ငံတော်ကထောက်ပံ့ပေးနေ



တာဖြစ်ပါတယ်။ ကျောင်းမအပ်ရသေးတဲ့ မိဘများကလည်း ကျောင်းသားတွေကို အမြန်လာအပ်ဖို့ပြောချင်ပါတယ်။ ကျွန်တော်တို့သည် ကျောင်းအပ်နှံရေးကို ၂၃-၅-၂၀၂၄ ကနေပြီး ၂-၆-၂၀၂၄ အထိ ကျောင်းအပ်လက်ခံတယ်ဆိုပေမယ့်လည်း ဒီဇွန်လအတွင်း လာအပ်ရင် ကျွန်တော်တို့က အကုန်လက်ခံပေးပါတယ်။ ကျောင်းမအပ်ရသေးတဲ့ မိဘတွေကို ကျောင်းလာအပ်လို့ရပါတယ်လို့ ကျွန်တော်တို့ကဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။



“နိုင်ငံတော်က အခုလိုကျောင်းတွေဖွင့်ပေးတဲ့အခါကျ သူ့အရွယ်နဲ့ သူ့အတန်းနဲ့ ပညာသင်ကြားရတဲ့အတွက်ကြောင့်မလို့ ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်ရှင့်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျောင်းမအပ်နှံရသေးတဲ့ကလေး ကျောင်းအပ်လိုက်မယ်ဆိုရင် အခုလိုပညာသင်ကြားရမယ့်အရွယ်ကလေးမှာ ပညာသင်ကြားခွင့်ရသွားတဲ့အတွက်ကြောင့် ကလေးအတွက်လည်း တိုးတက်မှုအများကြီးရှိပါတယ်။ ကျောင်းမအပ်ရသေးရင်လည်း ကျောင်းအပ်ပေးဖို့ဖိတ်ခေါ်လိုပါတယ်။ အခုအချိန်ထိလည်း အားလုံးကို ကျောင်းအပ်လက်ခံနေပါသေးတယ်လို့ ပြောကြားလိုပါတယ်”ဟု ကျောင်းသားမိဘတစ်ဦးကပြောသည်။

“အခုလိုကျောင်းပြန်ဖွင့်ပြီးတော့ အေးအေးချမ်းချမ်းနဲ့ ပညာသင်ကြားရပါတယ်။ ကျွန်တော်တို့ ကျောင်းသားတွေ၊ သူငယ်ချင်းတွေအချင်းချင်းလည်း ပြန်တွေ့ရပါတယ်။ ပညာရေးမှာအခြေခံလိုအပ်ချက်တွေဖြစ်တဲ့ အရာတွေအကုန်လုံးကို ကျောင်းကနေပြီးတော့ လုံလုံလောက်လောက်ထောက်ပံ့ပေးပါတယ်ခင်ဗျာ ”ဟု ကျောင်းသားတစ်ဦးက ပြောသည်။

“ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ယူနေတဲ့





နှစ်ထပ်ကွမ်းလူရည်ချွန်ဖြစ်ပါတယ်ရှင်။ အခုပညာသင်ယူရတဲ့အခါ နိုင်ငံတော်ကနေပြီးတော့ စာအုပ်တွေ၊ ခဲတံ၊ ခဲဖျက်လိုလေသေးမရှိအောင် အစစအရာရာ ထောက်ပံ့ပေးပါတယ်ရှင်။ သမီးတို့ အခုပညာသင်ကြားရတဲ့ ကျောင်းသား၊ ကျောင်းသူတွေ ပိုပြီးတော့ အဆင်ပြေချောမွေ့တာပေါ့ရှင့်။ ဒီလိုမျိုး သမီးတို့ကို အစိုးရကျောင်းတွေမှာ ပညာအေးအေးဆေးဆေး သင်ယူနိုင်အောင် အစစအရာရာစောင့်ရှောက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများနဲ့တကွ တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်ရှင်”ဟု ကျောင်းသူတစ်ဦးက ပြောသည်။

**(၁၀၀)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

PILGRIMAGE

## Number of pilgrims surges at Maha Arnthtoo Kantha Pagoda from second week of May



Pilgrims to Maha Arnthtoo Kantha Pagoda is on the rise starting from the second week of May, said U Kyaw Htay, secretary of the pagoda board of trustees.

Such a pagoda is one of the attractive destinations of local and foreign travellers in PyinOo-Lwin Township. So, number of pilgrims to the pagoda increases in summer.

"Pilgrims are allowed to pay homage to the pagoda from 6 am to 6 pm daily. At present, flocks of pilgrims come from Mandalay, Yangon, Lashio and Taunggyi to the pagoda in addition to those from PyinOo-Lwin in summer holidays," he explained.

More than 200 pilgrims per day visited the pagoda in the first week of May, compared to more than 500 per day starting from the second week of May.

The pagoda and its precinct have been installed with more than 40 CCTVs for taking security measures for pilgrims.

**SK**

BUSINESS

## Tomato from Inle and Nawngkhio regions marketable in Mandalay market



Tomato from Inle and Nawngkhio regions flows into Thiri Marlar green grocery market in Aungmyethazan District of Mandalay, fetching good prices, according to the tomato brokerages.

Tomato is produced by Inle and Nawngkhio regions of Shan State and PyinOoLwin from Mandalay Region at present. Some 25-26 truckloads of tomatoes flow to Thiri Marlar green grocery market in Mandalay on a daily basis.

Currently, tomato from Inle region fetches Ks-34,000 to Ks-36,000 per 18-viss box and the fruits from Nawngkhio and PyinOoLwin Ks-22,000 to Ks-30,000 per box, said U Aung Moe Naing, owner of Aung brokerage in Mandalay.

"Tomato from Shan State firstly flows into the market getting good prices. Tomatoes from Nawngkhio and PyinOoLwin fetch high prices in the market. Six truckloads of tomato from Nawngkhio and PyinOoLwin and more than 20 truckloads from Inle region flow into Mandalay market on a daily basis.

These will be some 4,000 visses per day. Other regions cannot produce a large volume of tomato at present. Other remaining green groceries are being traded as usual," he added.

Moreover, tomato, cauliflower, cabbage, chickpea, mustard, eggplant, potato and onion are being traded normally. **SMK**

AGRICULTURE

## Pwintbyu Township farmers cultivate 73,466 acres of summer crops

A total of 73,466 acres of summer crops, including summer paddy, have been planted in the summer crop growing season in Pwintbyu Township, Magway Region, said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

A total of 31,287 acres of paddy and 37,348 acres of sesame have been earmarked for planting in the summer crop growing season in Pwintbyu Township. The summer paddy has been planted since February, and 23,668 acres have been planted so far. Planting of summer sesame started in early March, and till now 47,452 acres have been planted. It is reported that the planting of prerain green beans started at the end of February, and 2,346 acres have been planted to date, totaling 73,466 acres of summer crops.

"Now, among the summer crops, the planting of summer sesame has been completed beyond the designated acreage. We are working to help farmers to get good varieties," said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

**SK**

AGRICULTURE

## More than 9,000 acres of onion and garlic harvested in YeU District

According to the statistics of the YeU District Agriculture Department, a total of 2,795 acres of onion and garlic plantations have been harvested in YeU District of Sagaing Region.

These plantations were cultivated in winter of 2023-2024 financial year. So far, all plantations have been harvested.

"Our department helps local farmers get good prices in the market for sale of onion and garlic," said U Zaw Tun Myint, Head of District Agriculture Department.

In the district, YeU Township yielded 4,501 viss per acre in 1,715 acres of onion and 2,942 viss per acre in 943 acres of garlic. Taze Township produced 4,233 viss per acre in 81 acres of onion and 2,765 viss per acre in 20 acres of garlid. In Dabayin Township, onion yielded 4,235 viss per acre in 36 acres of cropland.

In 2023-2024 winter crop cultivation, YeU District earmarked 2,520 acres of onion and 1,195 acres of garlic but local farmers planted 1,832 acres of onion and 963 acres of garlic, totalling 2,795 acres.

Agricultural staff help local farmers how to create market linkages, keep onion and garlic for preservation, use GAP system and produce quality crops.

Local farmers need to cost Ks-1.8 million per acre of onion and Ks-1.5 million per acre of garlic.

**SMK**

BUSINESS

# Over 1,550 food companies, factories apply for GACC

A total of 1,550 Myanmar food processing companies and factories submitted over 3,000 applications to the General Administration of Customs of the People's Republic of China (GACC) over the past two and half years, according to the Ministry of Commerce.

According to GACC Decree 248 and 249, GACC registration is mandatory for food exporters starting from 1 January 2022.

Those individuals executing edible oil, oilseeds, stuffed pastry products, edible bird's nest and related products, edible grains, grains milling industrial products and malt, fresh and dehydrated vegetables, dried beans, plant species, nuts and seeds, dried fruits, unroasted coffee and cocoa bean, special dietary food excluding milk-based formula, functional foods, bee products, aquatic products including farm products, animal products and animal feed and livestock animal businesses need to apply for GACC license in order to place their goods in China's market.

The relevant authorities for the registration with GACC are the Agriculture Department, the Livestock Breeding and Veterinary Department, the Fisheries Department and the Food and Drug Administration.

Between 1 December 2021 and 5 May 2024, 3,092 applications by 1,550 factories have been forwarded to the GACC through the Agriculture Department (2,935 applications), the Fisheries Department (134), the Livestock Breeding and Veterinary Department (14) and the Food and Drug Administration Department (nine).

Exporters can directly access China International Trade Single Window through https://cifer.singlewindow. cn by creating accounts for those food groups that are not listed in the 18 groups mentioned above.

As of 3 May 2024, a total of 1,029 applications have been successful in registering with the GACC with the approval of the competent authority.

Regarding the registration of the importing companies, the Department of Animal and Plant Quarantine under the GACC will check quarantine access for the imported grains (raw coffee beans, cocoa beans, vegetables, spices, edible grains, pulses, oil crops and herbal animal products and plant for their origins.

Companies cannot directly proceed with registration, and they need to carry out this step through competent authorities and departments concerned by sending an email to dapq@customs.gov.cn or submitting a letter to the Chinese Embassy in Myanmar or the Myanmar Embassy in China.

**SK**

SALT PRODUCTION

# Salt farms in Mon State ceased operations to prevent rain damage

Salt Industries of Mon State reported that salt production farms in the state ceased operations to avoid rain damage. Rain can be forecasted at least 15 days in advance based on weather information, allowing salt farmers to close their farms and secure their equipment in time.

Twenty years ago, salt farmers experienced significant losses due to unexpected rain. Since then, they have been vigilant in following weather forecasts and have practised closing their farms at least 15 days before expected rainfall. Salt farming is a seasonal business, similar to crop cultivation, and depends on favourable weather conditions, fuel prices, and domestic commodity prices.

Salt farm owners reported that the cost of raw salt production this year is higher than in previous years due to increased labour and fuel costs, as well as general commodity prices. As a result, salt farmers need to earn at least Ks-200 per viss to make a profit or at least cover their expenses.



Salt is currently harvested and stored in warehouses in good condition. In Myanmar, salt production primarily occurs in the Ayeyawady Region, Rakhine State, and Mon State. Ayeyawady Region accounts for 66 percent of the country's total salt production, while Rakhine State and Mon State share the remaining 34 percent. Myanmar ranks 51st among the 93 countries in the world that produce salt.

**SMK**

AGRICULTURE

# Sagaing Township farmers set to cultivate 26,116 acres of rain-fed rice

A total of 26,116 acres of rain-fed rice will be planted in Sagaing Township, Sagaing District, Sagaing Region this year, according to the Department of Agriculture for Sagaing Township.

In 2023-2024 rain crop planting season, 26,100 acres of rain-fed rice were earmarked to be planted in Sagaing Township. From June to September 2023, 26,124 acres were planted.

"We will plant it with irrigation and rainwater. We will plant it in order to reach the target area. We will provide farmers with agricultural technology to provide pest control awareness, to prevent damage to crops, and to inform them that the rice will arrive under shelter on time," said U Zaw Oo, head of the Department of Agriculture for Sagaing Township.

The Department of Agriculture will provide education for planting good and pure seeds, techniques for making and using natural fertilizers, providing technology for planting rain crops on time, and providing technology for planting commercial varieties.

**SK**

BUSINESS

# Chickpea and green bean take center stage in Mandalay's bean and sesame market



The trade of chickpeas and green beans is received good demand in the Mandalay bean and sesame market, said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

Among commodities such as beans, maize, and sesame, chickpeas and green beans were tradingnormally in the domestic market.

"At the Mandalay Commodity Exchange, chickpeas and green beans are trading again, and other commodities such as corn, wheat, and Chinese beans are also trading well in the market. The rest of commodities such as maize and green beans are trading as usual," he continued.

According to the market price of beans, maize and sesame in Mandalay on May 6, the prices of chickpeas are as per following: Ks-242,000 for three-basket bag of chickpeas (V2), Ks-248,000 for three-basket bag of chickpeas (V7), Ks-225,000 for three-basket bag of chickpeas (TW) and Ks-236,000 for three-basket bag of chickpeas (929).

**SMK**

JAPAN

# 6.0-magnitude earthquake rocks Japan's Noto region

An earthquake with a magnitude of 6.0 jolted off Japan's Noto region in the central prefecture of Ishikawa early Monday, according to the latest reports of the country's weather agency.

The temblor occurred at 6:31 a.m. local time at a depth of 14 km, measuring upper 6 on the Japanese seismic intensity scale of 7 in parts of the prefecture, said the Japan Meteorological Agency (JMA).

The epicenter was located at a latitude of 37.5 degrees north and a longitude of 137.3 degrees east.

According to the JMA, there may be some changes to the tide levels but no threat of tsunami damage.

Following the quake, a series of shallow-depth temblors hit the region, including a 4.8-magnitude quake off the Noto Peninsula at 6:40 a.m. local time.

On January 1, a series of strong quakes of up to 7.6 magnitude rattled the Noto region and its vicinity and triggered a tsunami.

The devastating earthquake killed 260 people, injured 1,433 people, and damaged more than 75,000 homes, while over 3,300 people are still living at evacuation shelters, the latest official data showed.

According to local police, Monday's quake led to five house collapses in Wajima, one of the worst affected cities in the New Year's Day quake.

Two were injured due to the quake in the vicinity, with an elderly woman in Wajima falling off bed and breaking her leg, and another young man suffering injuries during evacuation.

No abnormalities were detected at the Shika nuclear power plant in Ishikawa or the Kashiwazaki-Kariwa nuclear power plant in the nearby prefecture of Niigata, according to major power companies.

Following the quake, services of the Joetsu and Hokuriku shinkansen bullet trains were temporarily suspended, according to East Japan Railway Co.

**Xinhua**

SRI LANKA

# 12 killed, over 87,000 affected by floods in Sri Lanka



People wade through a flooded road in Kelaniya, Sri Lanka, on June 2, 2024.

Sri Lanka's State Minister of Defence Premitha Bandara Tennakoon said Monday that 12 people have been killed and over 87,000 people affected by the recent floods in the South Asian country.

The official told a press conference that Colombo, Gampaha, Kalutara, Ratnapura, Kegalle, Galle and Matara districts in Western, Sabaragamuwa and Southern provinces are the most affected.

A total of 12 deaths have been reported, including four in Matara, five in Ratnapura, and three in Colombo, Tennakoon said, adding that five people are reported missing.

There are 119 evacuation and relief centers currently housing over 23,700 people affected by floods, he said.

The Department of Meteorology said on Monday that showers or thundershowers will occur at times in Western, Sabaragamuwa, Central, Southern and North Western provinces.

**Xinhua**

PHILIPPINES

# Philippine volcano erupts, spews 5km high plume of ash, gas



Philippine volcano erupts, spews 5km high plume of ash, gas.

The Kanlaon volcano in central Philippines erupted Monday evening, spewing a column of ash and gas that rose to 5,000 meters, the Philippine Institute of Volcanology and Seismology said.

"The explosive eruption produced a voluminous and incandescent plume that rapidly rose to 5,000 meters above the vent and probable pyroclastic density currents approximately 2 to 3 km down the southern and southeastern slope," the institute said.

The institute noted that coarse ashfall and sulfurous odors have been reported in communities on the volcano's western slopes.

The eruption, which occurred at 6:51 p.m. local time and lasted six minutes, caused the institute to raise the alert level from 1 to 2 due to the volcano's "increasing unrest," which means the current unrest "could eventually lead to further explosive eruptions or even precede hazardous magmatic eruption."

The institute urged the people to be vigilant and avoid the four-km danger zone due to the risks of sudden explosions, rockfalls, and landslides. It also advised pilots to avoid flying close to the summit due to the danger posed by the ash to aircraft.

Kanlaon straddles the provinces of Negros Oriental and Negros Occidental. It is the highest mountain on the island of Negros, with an elevation of 2,465 meters above sea level. The active stratovolcano last erupted in December 2017.

**Xinhua**

TURKIYE

# Turkish police detain newly elected mayor over links to PKK

Turkish police detained a pro-Kurdish mayor in Hakkari, southeastern Türkiye, on Monday over alleged links to the outlawed Kurdistan Workers' Party (PKK), the Interior Ministry said on Monday.

Mehmet Siddik Akis, a member of the opposition People's Equality and Democracy Party (DEM), has now been replaced by the provincial governor of Hakkari, the ministry said in a statement.

Akis allegedly took a senior position in the PKK, as well as conducted "interrogations" and collected money on behalf of the group, the ministry said, adding that the mayor was also allegedly involved in illegal marches, terrorist funerals, and recruitment activities while pressuring shopkeepers to participate in the group's actions in the province.

The ministry also accused Akis of visiting PKK's camps in rural areas and meeting with high-ranking members of the group there. The mayor was detained in the eastern Van province over an investigation conducted by the Hakkari Chief Public Prosecutor's Office, the semi-official Anadolu Agency reported.

**Xinhua**

MALDIVES

# Island resort nation bars Israelis

The Maldives announced on Sunday that Israeli passport holders would be banned from visiting, due to the war in Gaza. The small Muslim-majority country in the Indian Ocean is a popular destination for holidaymakers from the Jewish state.

"President Dr Mohamed Muizzu, following a recommendation from the Cabinet, has resolved to impose a ban on Israeli passports," the president's office said in a statement on its website.

Muizzu's office added that the president has decided to "appoint a special envoy to assess Palestinian needs," launch a fundraising campaign, and hold a nationwide rally in support of Palestine. The Indian Ocean archipelago, known for its white sand beaches, turquoise lagoons, and luxury resorts, attracted almost 11,000 tourists from Israel last year, making up 0.6% of total arrivals. This year, however, the number has dropped by more than 80%.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ultra-processed food and obesity could be behind 'disturbing' rise in cancer hitting young people, warn UK's top doctors



Scientists believe the 'disturbing' trend may have a link to people eating too much ultra-processed food.

Poor diet and gut health are leaving the UK facing a surge in cancer cases in the under-50s, research suggests.

More young people than ever are getting cancer, with diagnosis rates rising by a quarter in two decades.

Around 100 younger people a day – 35,000 a year – are being diagnosed with rising numbers of cancers commonly seen in older people, such a bowel, breast and stomach.

Scientists believe the 'disturbing' trend may have a link to people eating too much ultra-processed food. Rising cases of bowel cancer, for example, may have an association with changes to the gut microbiome reducing the body's ability to deal with pre-cancerous cells, according to research presented at the world's biggest cancer conference.

Professor Charles Swanton, Cancer Research UK's chief clinician, said cancer still predominantly affects older people but scientists are alarmed at its rising presence in younger people.

At the American Society of Clinical Oncology's annual meeting he said: 'Over recent decades, there has been a clear increase in cancer incidence rates in young adults in the UK.' He added: 'We don't have a good answer as to why this is happening.'

The incidence rate of 'early onset' cases grew from 132.9 per 100,000 people in 1995 to 164.6 in 2019, analysis by Cancer Research UK of the most recent data shows.

The overall incidence rate across all ages increased 13 percent, from 539 per 100,000 people to 611.5 during this timeframe.

Research by Ohio State University presented at the Chicago meeting found under-50s with bowel cancer had cells that appeared to be 15 years older than their real age.

It suggests Western diets are impacting the balance of bacteria and inflammation in the gut, which can cause 'accelerated ageing' in the colon.

Bacteria called fusobacterium, linked to diets low in fibre but high in sugar, was found to increase inflammation in the gut, in turn raising the risk of cancer.

The findings add to growing evidence that illness and disease can occur through changes to the microbiome as well as damage from long-term swelling.

Prof Swanton said: ‘In some instances, then there are maybe associations emerging that distinct microbial species may be associated with early onset cancer risk.

What we are seeing in some studies is some tumours from patients with early onset colorectal cancer harbour mutations that might be initiated by these microbial species.

‘Suggesting that potentially some of these microbes might initiate mutations in DNA. This is not dissimilar from the way that tobacco smoke induces mutations in in lung lining cells.’

The global phenomenon hit the headlines in March when the Duchess of Wales announced she had been diagnosed with an undisclosed form of cancer following earlier abdominal surgery, age just 42.

Other high profile examples include Dame Deborah James, the campaigner and podcast host who died of bowel cancer in 2022, aged 40, and Girls Aloud star Sarah Harding who died of breast cancer in 2021 at just 39.

Prof Swanton suggested scientists were still ‘some way from proving that those microbial species directly cause cancer’, adding that inflammation of the gut often linked to obesity was also a likely factor.

But the concern is so great, it has led Cancer Research UK to set up a ‘Grand Challenge’ research programme to examine this and other possible causes.

Dr Cathy Eng, a bowel cancer doctor at Vanderbilt University Medical Centre in Nashville, said the rise of the disease among under-50s was being seen globally and that otherwise healthy patients are increasingly presenting with advanced bowel cancer in their 20s, 30s and early 40s.

She said: ‘They are not necessarily obese or unhealthy looking and you would have no idea they had cancer.

‘Research has correlated it with high blood pressure, high cholesterol, diabetes and sedentary lifestyles, as well as links to tobacco and alcohol.

‘It's not necessarily what you eat, there is also interesting research regarding antibiotic use and what you have been taking into your body since childhood.’

**WHAT ARE ULTRA-PROCESSED FOODS?**

Ultra-processed foods are high in added fat, sugar and salt, low in protein and fibre and contain artificial colourings, sweeteners and preservatives.

The term covers food that contains ingredients that a person wouldn't add when cooking at home — such as chemicals, colourings and preservatives.

Ready meals, ice cream, sausages, deep-fried chicken and ketchup are some of the best-loved examples.

They are different to processed foods, which are processed to make them last longer or enhance their taste, such as cured meat, cheese and fresh bread.

Ultra-processed foods, such as sausages, cereals, biscuits and fizzy drinks, are formulations made mostly or entirely from substances derived from foods and additives.

They contain little or no unprocessed or minimally processed foods, such as fruit, vegetables, seeds and eggs.

The foods are usually packed with sugars, oils, fats and salt, as well as additives, such as preservatives, antioxidants and stabilisers.

Ultra-processed foods are often presented as ready-to-consume, taste good and are cheap.

**Mail Online**

နေပြည်တော် ဇွန် ၃

# နေပြည်တော်ရှိ အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ



၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့တွင် စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ အတန်းလိုက် ပြဌာန်းထားသည့် ဘာသာရပ်များကို သင်ကြားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိသက်ဆိုင်ရာ ကျောင်းအသီးသီး၌ တာဝန်ကျဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများတက်ရောက်မည့် စာသင်ခန်းနေရာများသို့ လမ်းညွှန်ပြသပေးခြင်းနှင့်စနစ်တကျပညာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့်သက်ဆိုင်ရာ အဖွဲ့အစည်းများမှတာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများအနေဖြင့် စာသင်ခန်းအတွင်း၌ စာသင်ခုံများ စနစ်တကျနေရာချထားခြင်း၊ ဘာသာရပ်အလိုက် စာသင်ချိန်ဇယားများ စနစ်တကျစီမံထားခြင်း၊ ကျောင်းတက်၊ ကျောင်းဆင်း အချိန်စာရင်းများအသိပေးကြေညာထားခြင်း၊ ကျောင်းသူ၊ ကျောင်းသားများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေး အတွက်လည်း ကျောင်းဥပဓိရုပ်ကောင်းမွန်စေရန်နှင့် ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနကချမှတ်ထားသည့် အသိပေးကြေညာချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များ စိုက်ထူထားခြင်းနှင့် ကျောင်းကြို၊ ပို့ယာဉ်များ စီစဉ်ထားခြင်းတို့ကို စီမံဆောင်ရွက်ထားကြသည်။

ယနေ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ မူဝါဒအရ မေလ ၂၃ ရက်ကနေ ဇွန်လ ၂ ရက်အထိ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ်သတ်မှတ်ထားပါတယ်။ ဒီနေ့အထိ ကျောင်းအပ်လက်ခံ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၉၇ ဦးရှိပြီဖြစ်ပါတယ်။ ပညာရေးစနစ်သစ်ဖြစ်တဲ့ KG+12 က ကလေးတွေကို ဗလငါးတန်နဲ့ ပြည့်စုံအောင် သင်ကြားနည်းဖြစ်ပါတယ်။ ကျောင်းစာအပြင် ဘက်စုံပူးပေါင်းပြီး ပညာသင်ကြားရေးစနစ်ဖြစ်တဲ့အတွက်စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် အားသာချက်တွေအများကြီးရှိပါတယ်။ အခြေခံပညာကျောင်းများမှာ အခမဲ့ကျောင်းထားရတာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူကိုယ်တိုင်က ကြိုးစားမယ်ဆိုရင် ထူးချွန်ထက်မြက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေဖြစ်လာမှာဖြစ်ပါတယ်။ ကျွန်တော့်ကျောင်းမှာဆိုရင် လူရည်ချွန်မောင်မယ်နှစ်တိုင်းထွက်ပါတယ်။ လာမယ့်နှစ်အတွက် လူရည်ချွန်မောင်မယ်တွေကို လေ့ကျင့်ရေးတွေ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်အကြီးအကဲက ပြည်သူပြည်သားအားလုံး စာဖတ်ကြမယ်ဆိုရင် အသိပညာတွေတိုးတက်လာပြီး အေးချမ်းသာယာတဲ့ဘဝတွေကို တည်ဆောက်နိုင်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ စာကြည့်တိုက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ကျောင်းမှာလည်း စာသင်ချိန်ဇယားမှာ စာဖတ်ချိန်တစ်ချိန်ထည့်သွင်းရေးဆွဲထားပါတယ်။ စာဖတ်ချိန်ကို အတန်းလိုက် တစ်ရက်စီဝင်နိုင်ဖို့ ရေးဆွဲသွားမှာဖြစ်ပါတယ်"ဟုပြောကြားသည်။

အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက "ဒီနှစ်မှာထူးခြားချက်တစ်ခုကတော့ စာသင်ချိန် ၈ ချိန်မှာ စာဖတ်ချိန် တစ်ချိန်ကိုထည့်သွင်းရေးဆွဲပါတယ်။ ကျွန်မကျောင်းမှာ မူလတန်းအတွက် စာကြည့်ခန်းတစ်ခန်းနဲ့ အလယ်တန်း၊ အထက်တန်းတွေအတွက် စာကြည့်ခန်းတစ်ခန်းရှိပါတယ်။ စာကြည့်တိုက်နှစ်ဆောင်ဖြစ်တဲ့အတွက် မူလတန်းကျောင်းသား၊ ကျောင်းသူတွေအတွက် လိုက်ဖက်ညီတဲ့စာအုပ်လေးတွေကို စာဖတ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့်ကတော့ သုတရသစာပေတွေအပြင် တခြားဗဟုသုတရစေမယ့် စာအုပ်တွေ ထည့်ပေးထားပါတယ်။ ကျောင်းသင်ခန်းစာတွေအတွက် အထောက်အကူပြုဖြစ်စေမယ့် စာအုပ်၊ သမိုင်းဘာသာရပ်နဲ့ဆက်စပ်တဲ့ အတ္ထုပ္ပတ္တိတွေ၊ ပထဝီဝင်ဘာသာရပ်နဲ့ ဆက်စပ်နေတဲ့ စာအုပ်တွေကိုလည်း ထည့်ပေးထားပါတယ်။ တီထွင်ဖန်တီးမှုတွေကိုဖြစ်လာစေဖို့ သိပ္ပံဘာသာရပ်နဲ့ဆက်စပ်တဲ့ စာအုပ်၊ သင်္ချာဉာဏ်ရည်ဉာဏ်သွေးတွေတိုးတက်စေဖို့ သင်္ချာဉာဏ်စမ်းစာအုပ်စတဲ့စာအုပ်တွေကို ထည့်သွင်းစီစဉ်ထားပါတယ်။ စာဖတ်ခြင်းအကျိုးကျေးဇူးက သိပ်ကိုကြီးမားပါတယ်။ အဲဒါကြောင့် အားလုံးကို စာအုပ်စာပေ ဖတ်ရှုစေချင်ပါတယ်။

KG+12 သင်ရိုးညွှန်းတမ်းကိုသင်တဲ့အခါမှာ ကျောင်းသား၊ ကျောင်းသူတွေက ဆရာနဲ့ ကျောင်းသား စာသင်နေတာမျိုး မဟုတ်ဘဲနဲ့ အမေးအဖြေကဏ္ဍတွေ ပါလာပါတယ်။ စာသင်ခန်းတစ်ခုမှာသင်မယ်ဆိုရင် ကလေးတွေက အဖွဲ့လိုက်၊ အတွဲလိုက် ဆောင်ရွက်ရတဲ့အတွက် ပူးပေါင်းဆောင်ရွက်တတ်တဲ့ စွမ်းရည်တွေပိုများလာပါတယ်။ အချင်းချင်းညှိနှိုင်းဆောင်ရွက်တတ်လာပါတယ်။ သင်ထောက်ကူပစ္စည်းတွေသုံးရမယ်ဆိုရင် ကိုယ်တိုင်စဉ်းစား၊ ကိုယ်တိုင်စုဆောင်း၊ ကိုယ်တိုင်ပြင်ဆင်ရတဲ့အတွက် တီထွင်ဖန်တီးတတ်တယ်ဆိုတဲ့ ဉာဏ်ရည်တွေရလာစေပါတယ်။ သင်ခန်းစာအပေါ် လည်းစိတ်ဝင်စားမှုပိုများလာတယ်။ သင်ခန်းစာကို လေးလေးနက်နက်တွေးရတာက KG+ 12 ရဲ့ရည်ရွယ်ချက်ဖြစ်တဲ့အတွက် ပညာရေးရဲ့အဓိကမဏ္ဍိုင်ဖြစ်တဲ့ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းကိုရရှိစေပါတယ်။ မူလတန်းမှာ ၆ နှစ်၊ အလယ်တန်းအဆင့်က ၄ နှစ်၊ အထက်တန်းအဆင့် ၃ နှစ်ဆိုတော့ သူတို့သိရမယ့် အခြေခံအသိပညာဗဟုသုတတွေကို ဘာသာရပ်အသီးသီးမှာ အပြည့်အဝရရှိသွားမယ်လို့မြင်ပါတယ်။ ကျောင်းတွေဆိုတာကျောင်းသားရှိမှပြည့်စုံတာဖြစ်ပါတယ်။ ကျောင်းတက်ဖို့အတွက် သွားရေးလာရေးအခက်အခဲဖြစ်တယ်ဆိုရင် ကျွန်မတို့ကျောင်းကပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပေးနေပါတယ်"ဟုပြောကြားသည်။

နိုင်ငံတော်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ပညာရေးစနစ်ဆောင်ရွက်ပေးထားသည့်အတွက် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးများအပါအဝင် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမရှိသည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးဗလာစာအုပ်၊ ဖတ်စာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**သန့်ဂျိုင်း၊ ဓာတ်ပုံ-ဖိုးပြည့်စုံ**

---

နေပြည်တော် ဇွန် ၃

# နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ




သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနနှင့်နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ယနေ့တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ယနေ့တွင် နည်းပညာတက္ကသိုလ် ၃၅ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၆ ကျောင်း၊ အစိုးရနည်းပညာကောလိပ်လေးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၃၁ ကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ တစ်ပြိုင်နက်တည်းစတင်ဖွင့်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ပေကျင်း၊ နိုင်ငံရေး

## ဗြိတိန်ထောက်လှမ်းရေးက အစိုးရဝန်ထမ်းများကိုအသုံးချပြီး သတင်းရယူနေ



ဗြိတိန်ထောက်လှမ်းရေးအဖွဲ့ဖြစ်သည့် MI6 က အစိုးရဝန်ထမ်းများကိုအသုံးချပြီး သတင်းရယူနေကြောင်း တရုတ်အစိုးရက ဇွန်လ ၃ ရက်တွင်ပြောသည်။

MI6 အဖွဲ့သည် တရုတ်ဗဟိုအစိုးရအတွက် အလုပ်လုပ်ပေးနေသော ဝန်ထမ်းနှစ်ဦးကိုစည်းရုံးကာ ဗြိတိန်နိုင်ငံအတွက် သူလျှိုအဖြစ်ခိုင်းစေနေကြောင်း နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

MI6 မှလူများသည် ဗဟိုအစိုးရ၏ အတွင်းစည်းမှ ဝမ်အမည်ရှိအမျိုးသားနှင့် အတူ ၎င်း၏ဇနီးဖြစ်သည့် ကျိုးကိုပါစည်းရုံးခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ WeChat အကောင့်တွင်ဖော်ပြထားသည်။

"မကြာသေးမီက နိုင်ငံတော်လုံခြုံရေးတာဝန်ရှိသူတွေက အလွန်ကြီးမားတဲ့သူလျှိုအမှုတစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီအမှုထဲမှာ MI6 ကလည်းပါဝင်နေပါတယ်။ သူတို့က ဝမ်နဲ့ကျိုးအမည်ရှိ ဝန်ထမ်းနှစ်ဦးကို သူတို့ဘက်ပြောင်းဖို့ သွေးထိုးလှုံ့ဆော်ခဲ့တာပါ" ဟု အကောင့်တွင်ရေးသားထားသည်။

ဗြိတိန်ထောက်လှမ်းရေးများသည် ဝမ်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံသို့သင်တန်းသွားတက်ချိန်မှစ၍ ၎င်းကို သူလျှိုအဖြစ်မွေးရန်စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့လုပ်ဆောင်ရာတွင် ဝမ်အနေဖြင့် ကိုယ့်ဘက်ရှိအားနည်းချက်များ၊ နည်းပါးသောရပိုင်ခွင့်များ မြင်လာအောင် ၎င်းကို ညစာများဖိတ်ကျွေးခြင်း၊ ခရီးများစီစဉ်ပေးခြင်းတို့လည်း ဗြိတိန်ထောက်လှမ်းရေးများက လုပ်ဆောင်ခဲ့သည်ဟုဆိုသည်။

ထို့နောက် ဝမ်ကငွေတစ်မျက်နှာတည်းကိုသာကြည့်တော့ကြောင်း သေချာသွားချိန်တွင် ဗြိတိန်ထောက်လှမ်းရေးများက ၎င်းကို လစာကောင်းကောင်းရသည့် အတိုင်ပင်ခံလုပ်ငန်းထောင်ပေးမည်ဟု ပြောဆိုလာသည်။ ထိုလုပ်ငန်းမှာ တရုတ်ဗဟိုအစိုးရ၏ လုပ်ငန်းများနှင့်ပတ်သက်နေသည်။

ပြီးသည့်အခါ MI6 ထောက်လှမ်းရေးက သူ့ကိုယ်သူမည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုပြီး ဝမ်ကိုတရုတ်နိုင်ငံသို့ ပြန်လာခိုင်းကာ ဗဟိုအစိုးရ၏အတွင်းသတင်းများရယူထောက်လှမ်းပေးရန် ညွှန်ကြားလာသည်။ ထိုမျှပင်မကသေးဘဲ ဝမ်၏ဇနီးဖြစ်သည့် ကျိုးကိုပါ ၎င်းတို့၏အလုပ်တွင် ပါဝင်လာစေရန် ဆွဲဆောင်စည်းရုံးလာသည်။

ယခုအခါ တရုတ်တာဝန်ရှိသူများသည် ဝမ်တို့၏အမှုနှင့်ပတ်သက်၍ နောက်ဆုံးဆောင်ရွက်ချက်များကို လုပ်ဆောင်ထားပြီးဖြစ်ကြောင်းနှင့် အမှုကိုဆက်လက်စစ်ဆေးလျက်ရှိကြောင်း ဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံနှင့် အနောက်နိုင်ငံများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် သူလျှိုလုပ်သည်ဟုဆိုကာ စွပ်စွဲပြောဆိုမှုများ၊ တရားစွဲဆိုမှုများမကြာခဏလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

***Ref: AFP***

ဗီယင်နာ၊ စီးပွားရေး

## OPEC+ ကရေနံထုတ်လုပ်မှုကို ဆက်လက်လျှော့ချထားမည်

ရေနံတင်ပို့သည့်နိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများအဖွဲ့ OPEC+ က ရေနံဈေးနှုန်းကို လက်ရှိအတိုင်းဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် ရေနံထုတ်လုပ်မှုကို ဆက်လက်လျှော့ချထားမည်ဟု ဆုံးဖြတ်လိုက်ကြောင်းသိရသည်။

OPEC+ မှရေနံနှင့်စွမ်းအင်ဝန်ကြီးများက ဇွန်လ ၂ ရက်တွင် အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးပြုလုပ်ပြီးနောက် အဖွဲ့ဝင်နိုင်ငံများ၏ရေနံထုတ်လုပ်မှုခွဲတမ်းပမာဏကို ၂၀၂၅ ခုနှစ် တစ်နှစ်လုံးစာအတွက် လက်ရှိနှစ်အတိုင်းထားရှိရန် သဘောတူသည်ဟု ပူးတွဲထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါရေနံထုတ်လုပ်မှုခွဲတမ်းပမာဏမှာ ၂၀၂၂ ခုနှစ်နှောင်းပိုင်းတွင်သဘောတူထားသည့်အတိုင်း တစ်ရက်လျှင်တရားဝင်သတ်မှတ်ထုတ်လုပ်မှုပမာဏထဲမှ ရေနံစိမ်းစည် နှစ်သန်းလျှော့ချထုတ်လုပ်ရန်ဖြစ်သည်။

အဖွဲ့တစ်ဖွဲ့လုံး၏ ရေနံထုတ်လုပ်မှုပမာဏမှာ မပြောင်းလဲဘဲရှိသော်လည်း အာရပ်စော်ဘွားများ ပြည်ထောင်စုက တစ်ရက်လျှင် ရေနံစိမ်းစည် ၃ ဒသမ ၅၁၉ သန်းအထိလျှော့ချထုတ်လုပ်မည်ဖြစ်သည်။

အလားတူ အဖွဲ့ဝင်နိုင်ငံရှစ်နိုင်ငံကလည်း မိမိဆန္ဒအလျောက်ရေနံထုတ်လုပ်မှုကို တစ်ရက်လျှင်စည်ပေါင်း ၁ ဒသမ ၆၅ သန်းအထိလျှော့ချသွားမည်ဟု ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ထိုကဲ့သို့ မိမိဆန္ဒအလျောက် ရေနံထုတ်လုပ်မှုလျှော့ချခြင်းကို ၂၀၂၅ ခုနှစ်စက်တင်ဘာလအထိ ဈေးကွက်အခြေအနေအပေါ်မူတည်၍ အပြောင်းအလဲလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

***Ref: Xinhua***



မာလေ၊ ခရီးသွားလာမှု

## မော်ဒိုက်နိုင်ငံက အစ္စရေးနိုင်ငံသားများကို ပြည်ဝင်ခွင့်ပိတ်



မော်ဒိုက်နိုင်ငံက ဂါဇာအရေးတွင် အစ္စရေးနိုင်ငံကိုဆန့်ကျင်သောအားဖြင့် ထိုနိုင်ငံသားများကိုပြည်ဝင်ခွင့်ပိတ်လိုက်ကြောင်း မော်ဒိုက်သမ္မတရုံးက ဇွန်လ ၂ ရက်တွင်ထုတ်ပြန်သည်။

မော်ဒိုက်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိနိုင်ငံတစ်နိုင်ငံဖြစ်ပြီး လှပသောကျွန်းပေါင်း ၁၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် ဇိမ်ခံအပန်းဖြေစခန်းတစ်ခုလည်းဖြစ်သည်။

ယခုအခါ မော်ဒိုက်သမ္မတမိုဟာမတ်မူအစ်ဇူက အစ္စရေးပတ်စပို့ကိုင်ဆောင်ထားသူများကို ပြည်ဝင်ခွင့်ပိတ်လိုက်ပြီဖြစ်ကြောင်း သမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ သို့သော် ထိုဥပဒေက မည်သည့်အချိန်တွင်အသက်ဝင်မည်ကို သမ္မတရုံးက အသေးစိတ်ထုတ်ပြန်ထားခြင်းမရှိပေ။

ထို့ပြင် မော်ဒိုက်နိုင်ငံသားများသည် ပါလက်စတိုင်းပြည်သူများနှင့်တစ်သားတည်းရှိကြောင်း ရန်ပုံငွေပွဲတစ်ခု၌ မော်ဒိုက်သမ္မတကပြောသည်။

တစ်ချိန်တည်းမှာပင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက အစ္စရေးနိုင်ငံသားများအနေဖြင့် မော်ဒိုက်နိုင်ငံသို့မသွားကြရန် ဇွန်လ ၂ ရက်တွင် တိုက်တွန်းထားသည်။

အလားတူ မော်ဒိုက်နိုင်ငံအတွင်းရှိ အစ္စရေးနိုင်ငံသားများအနေဖြင့်လည်း ထိုနိုင်ငံမှအမြန်ဆုံးပြန်လည်ထွက်ခွာကြရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် မော်ဒိုက်နိုင်ငံအတွင်းဒုက္ခရောက်ပါက ကူညီထောက်ပံ့မှုပေးရန် အခက်အခဲများရှိလာမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

မော်ဒိုက်နိုင်ငံသည် အစ္စရေးနိုင်ငံသားများအပေါ် ပြည်ဝင်ခွင့်ပိတ်ပင်ထားခြင်းကို ၁၉၉၀ ပြည့်နှစ်အလွန်ကာလများတွင် ဖြေလျှော့ပေးခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ၂၀၁၀ ပြည့်နှစ်တွင် ပြန်လည်ထူထောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

***Ref: TST***

စင်ကာပူ၊ စစ်ရေး

## ယူကရိန်းက ရုရှားကိုတိုက်ခိုက်ရာတွင် နယ်သာလန်က ၎င်းတို့၏တိုက်လေယာဉ်များကို အသုံးပြုခွင့်ပေး

နယ်သာလန်နိုင်ငံက ယူကရိန်းနိုင်ငံသို့ တိုက်လေယာဉ်များ ထောက်ပံ့ပေးသည့်အပြင် ယူကရိန်းအနေဖြင့် ရုရှားနိုင်ငံတိုက်ခိုက်ရာတွင် ၎င်းတို့၏တိုက်လေယာဉ်များကို အသုံးပြုခွင့်ပါပေးလိုက်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံက နယ်သာလန်နိုင်ငံမှ F-16 တိုက်လေယာဉ် ၂၄ စင်းလက်ခံရရှိမည်ဖြစ်ပြီး ထိုလေယာဉ်များကို သင့်လျော်သလို အသုံးပြုနိုင်ကြောင်း နယ်သာလန်ကာကွယ်ရေးဝန်ကြီးကပြောသည်။

တစ်ချိန်တည်းမှာပင် ဘယ်ဂျီယံနိုင်ငံကလည်း ယူကရိန်းနိုင်ငံသို့ အလားတူ တိုက်လေယာဉ်အစင်း ၃၀ ထောက်ပံ့ပေးထားသည်။ သို့သော် ထိုတိုက်လေယာဉ်များကို ယူကရိန်းနိုင်ငံကပိုင်ဆိုင်သည်ဟုဆိုနိုင်သော နယ်နိမိတ်အတွင်းသာအသုံးပြုရန် ကန့်သတ်ထားသည်။

နယ်သာလန်နိုင်ငံကမူ ဘယ်ဂျီယံနိုင်ငံကဲ့သို့ ကန့်သတ်မှုမရှိကြောင်း၊ ထိုစစ်လက်နက်ပစ္စည်းများကို လွှဲပြောင်းပေးပြီးပါက ထိုပစ္စည်းများသည် ယူကရိန်းအပိုင်ဖြစ်သွားပြီး စိတ်ကြိုက်အသုံးပြုနိုင်ကြောင်း၊ လိုအပ်သောအရာတစ်ခုမှာ နိုင်ငံတကာဥပဒေနှင့်အညီအသုံးပြုရန်သာဖြစ်ကြောင်း နယ်သာလန်ကာကွယ်ရေးဝန်ကြီးက စင်ကာပူနိုင်ငံတွင်ကျင်းပသော ရှန်ဂရီလာစကားဝိုင်း၌ပြောသည်။

ယခုအခါ အနောက်နိုင်ငံတချို့က ယူကရိန်းသို့လေယာဉ်မောင်းနည်းပြများစေလွှတ်ပြီး F-16 တိုက်လေယာဉ်အသုံးပြုနည်းသင်တန်းများပေးနေပြီဖြစ်သည်။

ယူကရိန်းသို့ အနောက်အုပ်စုက စစ်လက်နက်ပစ္စည်းများပေးပို့ထောက်ပံ့နေခြင်းသည် နျူကလီးယားစစ်ပွဲအထိဖြစ်လာစေနိုင်သည့်အန္တရာယ်ရှိနေကြောင်း ရုရှားအစိုးရကသတိပေးထားသည်။

***Ref: RT***

ရန်ကုန် ဇွန် ၃

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၂)ဖွင့်လှစ်



အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုန်းတောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းသား၊ သင်တန်းသူများသည် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀)ကို လိုက်နာကြမှသာ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာကြမည်ဖြစ်ကြောင်း၊ ဝန်ထမ်းသက်တမ်းတစ်လျှောက် တော်၍ကောင်းသော၊ အဂတိတရားကင်းရှင်းသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန်၊ တိုင်းပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်များကို မွေးမြူသွားကြရန်နှင့် သင်တန်းကရရှိသည့် အသိပညာရပ်များကိုအခြေခံပြီး ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများဖြစ်လာစေရေးကြိုးစားကြရန် မှာကြားသည်။

ထို့အတူ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ယခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ တက်ရောက်၍ ယခုသင်တန်းကို နိုင်ငံတော်၏ မူဝါဒ၊ လုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခြေအနေများအား သိရှိစေရန်၊ ကျောင်းသားများနှင့်စပ်လျဉ်းသည့် စီမံခန့်ခွဲရေးနှင့်သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများကိုသိရှိစေရန်၊ ဆရာသိက္ခာနှင့် ကျင့်ဝတ်များ၊ စိတ်ဓာတ်ခံယူချက်များ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် လူငယ်များကို ငယ်စဉ်ကတည်းက အသိပညာ၊ အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှိလာစေပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။


အဆိုပါသင်တန်းဖွင့်ပွဲများသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဦးစိုးတင့်၊ ဥက္ကဋ္ဌရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အရာထမ်းလောင်း(အထူး)သင်တန်းသို့ သင်တန်းသား ၃၆ ဦး၊ သင်တန်းသူ ၇၈ ဦး စုစုပေါင်း ၁၁၄ ဦး တက်ရောက်ကြကြောင်းနှင့် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၅)သို့သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၃၂၂ ဦး စုစုပေါင်း ၃၅၁ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၃

# သားငါးကဏ္ဍ၏ထုတ်လုပ်မှုတန်ဖိုးမြှင့်တင်နိုင်ရေးနှင့် ပုဂ္ဂလိကမွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ မွေးမြူရေးတောင်သူ၏ အသားတိုးဝက်မွေးမြူရေးခြံ၌ CP-အသားတိုးဝက်ကောင်ရေ ၁၂၀၀ မွေးမြူထားရှိမှုနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် မိတ္ထီလာ၊ မန္တလေးမြို့တို့သို့ ဖြန့်ဖြူးပေးနေမှုအခြေအနေများကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ကံသာကျေးရွာ၌ Join Global Myanmar Co.,Ltd. ၏ Ross-308 အသားစားမျိုးကြက်ကောင်ရေ ၁၄၀၀၀ မွေးမြူထားရှိမှုနှင့်အသားစားကြက်မျိုးဥများ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များ၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှုဖူလုံပိုလျှံရေးနှင့် ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရေးဆိုင်ရာများ၊ မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါများ သတိပြုကာကွယ်ရန် လိုအပ်ချက်များ၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဂေဟစနစ်ထိန်းသိမ်းရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)၌ တည်ဆောက်လျက်ရှိသည့် တိရစ္ဆာန်များအား ကူးစက်ရောဂါများ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် သီးသန့်ထားရှိရန် ISOLATION CENTER ပြီးစီးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ရေဆင်းငါးစခန်း၏ ငါးမျိုးသားဖောက်ခြင်း၊ ဒေသတွင်းငါးမျိုးများ ဖြန့်ဖြူးခြင်း၊ ငါးမွေးတောင်သူများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းပေးခြင်းလုပ်ငန်းများ၊ စားဖားသားဖောက် မွေးမြူထားရှိမှုနှင့် ရွှေဝါငါးကြင်းဆေးထိုးသားဖောက် မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ငါးသားပေါက်များ လျာထားချက်ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ရေး၊ ကြီးထွားနှုန်းပိုမိုကောင်းမွန်ပြီး ရောဂါဒဏ်ခံနိုင်ရည်မြင့်မားသည့် ငါးမျိုးများရွေးချယ်ထုတ်လုပ်ပေးနိုင်ရေး မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် နှစ်ရှည်လများ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ နှစ်နှင့်အထက် အဘိုးအဘွား၊ တပ်မတော်သားများအတွက် ဆန်၊ ဆီနှင့် အလှူငွေကျပ် ဆယ်သိန်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---


ရန်ကုန် ဇွန် ၃

# ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်စေရေး မြစ်ထွက်ပေါက်များအား မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) ရပ်ကွက် ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား မြန်မာ့မီးရထား ကုန်ရုံဝင်းအတွင်းရှိ ဗိုလ်မြတ်ထွန်းမြစ်ထွက်ပေါက်၊ လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက် ကမ်းနားလမ်းသစ်ရှိ ရွာသစ်ချောင်းမြစ်ထွက်ပေါက်၊ အလုံမြို့နယ် ရေဝတီရပ်ကွက် မိုးကောင်းလျှပ်စစ်အိမ်ရာဝင်းအတွင်းရှိ ဟာဘီချောင်းမြစ်ထွက်ပေါက်၊ အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်အကြား အောက်ကြည့်မြင်တိုင်လမ်းရှိ ကွင်းကျောင်းမြောင်းနှင့် ကမာရွတ်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်အကြား ဟံသာဝတီလမ်းရှိ ဟံသာဝတီမြစ်ထွက်ပေါက်တို့တွင် ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က ရေမြောင်းပိတ်ဆို့မှုမရှိစေရေး မြစ်ထွက်ပေါက်ထိ ဆက်လက်ရှင်းလင်းရန်၊ တွယ်ကပ်သစ်ပင်များရှင်းလင်းရန်၊ ဒီရေတက်ချိန် ရေတံခါးများ ပိတ်ထားပြီး မိုးရွာသွန်းချိန် ရေတံခါးများဖွင့်ထားရန်၊ နုန်းမြေများကို ချောင်းဘေးမြေနိမ့်နေရာများတွင် ပြန်လည်မြေဖို့ရန်၊ ပိတ်ဆို့မှုမရှိစေရေး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပဲခူး ဇွန် ၃

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၃ ခုနှစ် စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲ စာအောင်သံဃာတော်/သီလရှင်များအား စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြည်ညိုခဲ့သည်။

ရှေးဦးစွာ ကြွရောက်လာကြသည့် ဆရာတော်ကြီးများ၊ စာအောင်သံဃာတော်နှင့်သီလရှင်များ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ပဲခူးမြို့ မြို့မစာသင်တိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ကြွရောက်လာသည့် ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ ဖတ်ကြားလျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်ကြသည့် သံဃာတော်များနှင့် သီလရှင် ၂၆၉၃ ပါးတို့အတွက် ဘွဲ့တံဆိပ်တော်နှင့် စာအောင်ဆုများအား စာအောင်သံဃာများနှင့် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီရိန္ဒ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတန်းပေးဝေခဲ့ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့်နိကာယ်စာမေးပွဲတို့၌ ဓမ္မာစရိယ အဂ္ဂမဟာအကျော်တစ်ပါး၊ ဓမ္မာစရိယ(ကျမ်းပြီး) ၁၆၆ ပါး၊ ဓမ္မာစရိယ(ကျမ်းစွဲ) ၃၄၉ ပါး၊ တိပိဋကဓရစာမေးပွဲ(ဝိနယဓရ)တစ်ပါး၊ တိပိဋကဓရစာမေးပွဲ(ဥဘတောဝိဘင်္ဂဓရ)တစ်ပါး၊ နိကာယ်စာမေးပွဲ(ဒုတိယ၊တတိယ၊ အထူးအောင်)လေးပါး၊ နိကာယ် (အုပ်စု-၁၊မဟာဝိဒူ)တစ်ပါး၊ နိကာယ်(ကျမ်းပြီး) ၂၂၆ ပါး၊ နိကာယ်(ကျမ်းစွဲ) ၂၇၀ ပါး၊ ပါဠိပထမပြန် (ပထမကြီးတန်း) ၉၀ ပါး၊ ပထမလတ်တန်း ၁၁၈ ပါး၊ ပထမငယ်တန်း ၅၉၀ ပါး၊ အခြေပြုမူလတန်း ၈၇၆ ပါး စုစုပေါင်း ၂၆၉၃ ပါး အောင်မြင်ခဲ့ကြသည့်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စာအောင်ဆုအလှူငွေကျပ် ရှစ်ရာသုံးဆယ့်တစ်သိန်း ငါးသောင်းအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# “ကလေးတွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်၊ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွေအောင်မြင်အောင် ကျောင်းမဖွင့်ခင်ကတည်းက စီစဉ်ဆောင်ရွက်ပြီး ကျောင်းစဖွင့်တဲ့နေ့မှာ သင်ချိန်အပြည့်သင်နိုင်အောင်စီမံဆောင်ရွက်ထားပါတယ်”

ဒေါက်တာစန္ဒာမြငြိမ်း

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိသတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံခဲ့ကြပြီး ယနေ့ ဇွန်လ ၃ ရက်တွင် အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ထမ်းများနှင့်တာဝန်ရှိသူများ၏စကားသံများကို ဖော်ပြလိုက်ရပါသည်-**



ဒေါက်တာစန္ဒာမြငြိမ်း



ဦးအောင်မျိုးကျော်



ဒေါ်နှင်းဝတ်ရည်



ဒေါ်ကေသီအောင်

**ဒေါက်တာစန္ဒာမြငြိမ်း**

**အထက(၁) ဒဂုံ ကျောင်းအုပ်ဆရာမကြီး**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာဆိုရင် ဇွန်လ ၃ ရက် တနင်္လာနေ့မှာ ကျောင်းစတင်ဖွင့်လှစ်ပြီဖြစ်ပါတယ်။ အထက(၁)ဒဂုံက နှစ်ချိန်ကျောင်းဖြစ်ပါတယ်။ နံနက်ပိုင်း ၇ နာရီကနေ ၁၂ နာရီအထိက Grade 8 ကနေ Grade 12 တက်ရပါတယ်။ နေ့လယ်ပိုင်း ၁၂ နာရီကနေ ညနေ ၅ နာရီအထိက KG ကနေ Grade 7 အထိတက်ရပါတယ်။ ဒီနှစ်ပညာသင်နှစ်မှာ ကျောင်းသားကျောင်းသူ မူ၊ လယ်၊ ထက် ၃၁၀၀ ဦး ရှိပါတယ်။ ဆရာ၊ ဆရာမက ၁၀၁ ဦးနဲ့ သင်ရိုးသစ်တွေနဲ့အညီ ကလေးတွေကိုဘက်စုံဖွံ့ဖြိုးတိုးတက်အောင်၊ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွေအောင်မြင်အောင် ကျောင်းမဖွင့်ခင်ကတည်းက စီစဉ်ဆောင်ရွက်ပြီး ကျောင်းစဖွင့်တဲ့နေ့မှာ သင်ချိန်အပြည့် သင်နိုင်အောင် စီမံဆောင်ရွက်ထားပါတယ်။ အထက(၁)ဒဂုံအနေနဲ့ မြို့နယ်ပညာရေးမှူး၊ မိတ်ဖက်ဌာနများ၊ ကျောင်းမိဘဆရာအကျိုးတော်ဆောင်များ၊ ရပ်ရွာပြည်သူလူထုတွေနဲ့ပူးပေါင်းပြီး သင်ယူမှုပတ်ဝန်းကျင်ကောင်း၊ လုံခြုံဘေးကင်းသောကျောင်း၊ ကလေးပျော်ကျောင်း၊ ဆရာပျော်ကျောင်းဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပြီး ကလေးတွေကိုပြုစုပျိုးထောင်လျက်ရှိပါတယ်။ သင်ချိန်အနေနဲ့ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့သင်ချိန်အတိုင်း ဘာသာရပ်တွေကိုခွဲဝေပြီး သင်ကြားသင်ယူမှုလုပ်ငန်းစဉ်ကို လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေအတွက် ဝါသနာအသင်းအဖွဲ့တွေကို ဆရာ၊ ဆရာမတွေနဲ့ဖွဲ့စည်းပြီး ကျောင်းသား၊ ကျောင်းသူတွေရဲ့ဗီဇဝါသနာပါတာတွေကို အခြေခံပညာအဆင့်မှာ တင်ပဲ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

**ဦးအောင်မျိုးကျော်**

**အထက(၁)ဒဂုံ အားကစားတာဝန်ခံဆရာ**

အားကစားတာဝန်ခံဖြစ်တဲ့အတွက် KG ကနေ Grade 12 အထိ အားကစားနဲ့ပတ်သက်တဲ့ပြိုင်ပွဲဝင်ဖို့အတွက် အကုန်တာဝန်ယူရပါတယ်။ အဓိကက ဒီနှစ်မှာ ကျောင်းသားအားကစားပွဲတော်အတွက် အားကစားနည်း ငါးမျိုးသင်ကြားပေးဖို့ သိထားရပါတယ်။ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘောပြိုင်ပွဲတွေပါဝင်မယ်။ ကလေးတွေကို အခုကတည်းက ရွေးချယ်သင်ကြားပေးဖို့ စီစဉ်ထားပါတယ်။ နေပြည်တော်ကျောင်းသားအားကစားပွဲတော်အထိ ရောက်အောင် လေ့ကျင့်သင်ကြားပေးပါမယ်။ ကာယအချိန်တွေမှာ အတန်းလိုက်ပြဋ္ဌာန်းထားတဲ့ အားကစားနည်းတွေကို ကာယသင်ခန်းစာတွေနဲ့ သင်ရိုးမာတိကာတွေနဲ့ ကလေးတွေကိုသင်ကြားပါမယ်။ မူလတန်းအဆင့်ဆိုရင် ကိုယ်လက်ကြံ့ခိုင်ရေးကာယအတွဲ(၁)၊ (၂)၊ အလယ်တန်းအဆင့်နဲ့အထက်တန်းအဆင့်ဆိုရင် ကာယအမှတ်စဉ်အတွဲ(၃)၊ (၄) သင်ကြားပါမယ်။ နွေရာသီအားကစား သင်တန်းရှိတယ်။ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဘတ်စကက်ဘော၊ ဘောလုံး၊ အေရိုးဗစ်သင်တန်းတွေ ကျောင်းရဲ့ကာယချိန်တွေမှာ ဝါသနာပါရာအသင်းအဖွဲ့တွေဖွဲ့စည်း လှုပ်ရှားဆောင်ရွက်လေ့ကျင့်ပေးပါတယ်။ ပြိုင်ပွဲတွေမှာလည်း ဆုတံဆိပ်တွေရရှိပါတယ်။

**ဒေါ်နှင်းဝတ်ရည်**

**စာကြည့်တိုက်မှူးဆရာမ**

ကျွန်မတို့ကျောင်းမှာ စာပေကဏ္ဍအတွက် မိုဘိုင်းစာကြည့်တိုက်တွေရှိသလို e-library စာကြည့်တိုက်တွေလည်းရှိတယ်။ ဒီအတွက်ကြောင့် အတန်းတစ်တန်းကို တစ်ပတ်ကို စာသင်ချိန်တစ်ချိန်စီ စာကြည့်တိုက်ကိုမဖြစ်မနေဆင်းရမယ်ဆိုပြီး ရေးဆွဲထားတယ်။ စာကြည့်တိုက်နဲ့ပတ်သက်ပြီး ကလေးတွေဗဟုသုတရစေမယ့်စာတွေ၊ ပြင်ပစာပေတွေ၊ ကျောင်းတွင်းသင်ရိုးနဲ့ဆက်စပ်စာပေတွေပါတဲ့စာအုပ်စာတမ်းတွေ အများကြီးပံ့ပိုးပေးထားပါတယ်။ စာအုပ်တွေနဲ့ပတ်သက်ပြီး စာပေကဏ္ဍနှစ်ခုရှိတဲ့အတွက် သုတ၊ ရသစာပေနှစ်မျိုးလုံးထားရှိပါတယ်။ သီးသန့်စာဖတ်နေရာလေးတွေကို စာကြည့်တိုက်ထဲမှာ ထည့်ပေးထားပါတယ်။

**ဒေါ်ကေသီအောင်**

**ကွန်ပျူတာတာဝန်ခံ**

ကွန်ပျူတာပိုင်းဆိုင်ရာ နည်းပညာတွေကို ကျောင်းစာတွေနဲ့အပြင် သင်ထောက်ကူအဖြစ် တွဲဖက်သင်ကြားပေးပြီး National ICT Award ပြိုင်ပွဲတွေ၊ နိုင်ငံတကာ Website ပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဒီကျောင်းကနှစ်တိုင်းလိုလို ဆုတွေရရှိခဲ့ပါတယ်။ နွေရာသီဆိုရင် ကွန်ပျူတာသင်တန်းတွေဖွင့်တယ်။ ဒီနှစ်မှာ ထူးထူးခြားခြား Pagodas Digital Directory Website သင်တန်းကို ဒီကျောင်းမှာလာပို့ချတဲ့အခါ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး တက်ရောက်ခဲ့ပါတယ်။ National ICT Award ပြိုင်ပွဲဆိုရင် မူ၊ လယ်၊ ထက်ခွဲထားတယ်။ မူလတန်းဆိုရင် ကွန်ပျူတာ Skill ကိုတတ်အောင်သင်ပြီး အလယ်တန်းအဆင့်မှာဆိုရင် Project ပြိုင်ပွဲတွေ၊ အထက်တန်းဆိုရင် သင်ရိုးနဲ့ပတ်သက်တဲ့ Project ပြိုင်ပွဲတွေကို သင်ကြားပေးရပါတယ်။ ဒါ့အပြင် သူတို့လေးတွေအတွက် နည်းပညာနဲ့ရင်းနှီးမှုရှိစေဖို့ အပတ်စဉ်တိုင်း ကျောင်းမှာ Application Software ဖြစ်တဲ့ Microsoft Word တို့၊ Excel တို့၊ Power Point တို့စသဖြင့် အင်တာနက်ကအစ Download လုပ်ပြီးကြည့်ရှုနိုင်အောင် ကွန်ပျူတာခန်းမှာ သင်ကြားပေးပါတယ်။ ။

**တွေ့ဆုံမေးမြန်း – မေချို**

**ဓာတ်ပုံ – ချိုကြီး**

# စိန်ပန်းပွင့်ချိန် ကျောင်းဖွင့်ချိန်

**လမင်းမောင်**

ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လို့ချီ
နေခြည်မှာရွှေရည်လောင်း
ငါတို့စာသင်ကျောင်း။

ထိုကဗျာက အရွယ်ရောက်သူတိုင်း သိထားပြီးသား ကဗျာတစ်ပုဒ်ပါ။ ဇွန်လ ၃ ရက်နေ့ဟာ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းစတက်ရတဲ့နေ့ဖြစ်ပါတယ်။ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူတိုင်း . . . ပျော်မဆုံးတဲ့ အပြုံးတွေနဲ့ . . . ပြန်လည်ဆုံစည်းကြတဲ့ မင်္ဂလာနေ့ပဲဖြစ်ပါတယ်။ ကျောင်းဖွင့်ချိန် မြေမှာကျဲပြန့်နေတဲ့ နီနီရဲရဲစိန်ပန်းပွင့်တွေကြားမှာ အဖြူအစိမ်းဝတ်စုံတွေနဲ့ အရောင်


ရွှေကျင်မြို့


ပူတာအိုမြို့

အသွေးစုံလှတဲ့မြင်ကွင်းကို မြင်ရတာ အင်မတန်မှကျက်သရေရှိပြီး သဘာဝပန်းချီကားချပ်တစ်ခုအလားပါပဲ။ သူ့အတန်း၊ ကိုယ့်အတန်း ကျောင်းသား၊ ကျောင်းသူတွေကို စောင့်မျှော်နေတဲ့ ဆရာ၊ ဆရာမများ နွေရာသီကျောင်းပိတ်ရက်ကနေ အခုမှပြန်ဆုံရလို့ပျော်မဆုံးဖြစ်နေတဲ့ ကျောင်းသား၊ ကျောင်းသူတွေနဲ့ ပျော်ရွှင်စရာ ကျောင်းဖွင့်ရက်ပဲဖြစ်ပါတယ်။ လုပ်ငန်းခွင်ဝင်တဲ့မိဘတွေလည်း သားသမီးများကို ကျောင်းမှာ စိတ်ချလက်ချထားခဲ့နိုင်တဲ့ အတွက်ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျောင်းတွေပြန်ဖွင့်တော့ ကျောင်းစိမ်းအင်္ကျီ၊ ကျောင်းအသုံးအဆောင်ပစ္စည်း အသစ်အသစ်တွေကို မိဘတွေကပြင်ဆင်ပေးတတ်ကြပါတယ်။ ကလေးတွေကို ပညာသင်နှစ်အစကနေ အားသစ်အင်သစ်နဲ့ ကြိုးစားနိုင်ရန် ဆင်ယင်ပေးခြင်းပဲဖြစ်ပါတယ်။

ကျောင်းတက်ခေါင်းလောင်းထိုးတာနဲ့ တစ်ပြိုင်နက် တန်းစီကွင်းထဲဝင် နိုင်ငံတော်သီချင်းဆို၊ ကျောင်းအုပ်ကြီးရဲ့ဆုံးမစကားကိုနားထောင်ပြီးတာနဲ့ ဘုရားခန်းမှာဘုရားရှိခိုးပြီး ဘာသာရပ်အလိုက် သင်ခန်းစာများသင်ကြားရတဲ့အချိန်တွေဟာ လွတ်လပ်မှုနဲ့အပျော်ရွှင်ရဆုံး အချိန်တွေပါပဲ။ ဒီလိုအချိန်တွေကို စာရေးသူတို့အရွယ်မှာ လွမ်းနေရုံကလွဲပြီး ပြန်မရနိုင်တော့ပါဘူး။ ကျောင်းစာသင်ခန်းဆိုတာ အနာဂတ်ရဲ့ ခေါင်းဆောင်များဖြစ်လာမယ့် ကျောင်းသားလူငယ်တွေကို အသိပညာ၊ ဗဟုသုတနဲ့ ပြည့်စုံအောင်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်အောင် ဗလငါးတန်နဲ့ပြည့်စုံတဲ့ လူငယ်လူရွယ်များကို မွေးထုတ်ပေးရာ နေရာတစ်ခုဖြစ်ပါတယ်။ လူငယ်များသည် အရောင်စွန်းလွယ်တဲ့ အဖြူထည်လေးများဖြစ်တဲ့အတွက် ဆရာ၊ ဆရာမများရဲ့ လမ်းညွှန်ပြသဆိုဆုံးမမှုကို နာခံတတ်ကြရန်လိုပါတယ်။


နောင်ချိုမြို့

ပညာရှာရမည့်အရွယ်တွင် ပညာရှာဖွေကြခြင်းသည် မှန်ကန်သည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပညာသင်ယူသည့်နေရာတွင်လည်း စာပေဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမဟုတ်ဘဲ ပြင်ပစာအုပ်စာပေများကို ဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်မြော်မြင်နိုင်မှုရှိအောင် ကြိုးစားသွားကြရန်လိုအပ်ပါတယ်။ သို့မှသာလျှင် အဆိုး၊ အကောင်း၊ အကျိုးအကြောင်း ခွဲခြားသိမြင်မှုနှင့်အတူ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ကောင်းများ ဖြစ်လာမှာဖြစ်ပါတယ်။ သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း ဆိုသည့်အတိုင်း မိမိတို့၏မိဘဆွေမျိုးဂုဏ်ကိုညှိုးနွမ်းစေမည့် မကောင်းမှုများကိုရှောင်ရှားကြရမှာဖြစ်ပါတယ်။


မတ္တရာမြို့

အနာဂတ်ကာလတွင် နိုင်ငံတော်တိုးတက်မှုကို အထောက်အကူဖြစ်စေမည့် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့်အချက်ကို လူမှုရေးဦးတည်ချက်၌ ချမှတ်ထားပြီး လူငယ်များ၏ ပညာရေး၊ လူမှုရေး၊ စာရိတ္တမဏ္ဍိုင်မြင့်မားရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့်လည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူငယ်တိုင်း စာတတ်မြောက်ကြရန်လိုပါတယ်။ စာတတ်မှသာ ပညာရပ်များကို လေ့လာသင်ယူနိုင်မှာဖြစ်ပါတယ်။ အသိပညာ၊ အတတ်ပညာများကို လိုသလိုလေ့လာနိုင်မှာဖြစ်ပါတယ်။ ထိုသို့လေ့လာသင်ယူမှသာ အသိပညာ၊ အတတ်ပညာများမြင့်မားလာမှာဖြစ်ပါတယ်။ အသိပညာမြင့်မားသည်နှင့် အကောင်းအဆိုး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်မှာဖြစ်ပါတယ်။ မှန်ကန်သော အတွေးအခေါ်နှင့် မှန်ကန်သောလုပ်ရပ်တို့လုပ်ဆောင်နိုင်မှသာ မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုးနှင့်နိုင်ငံတော်အကျိုးကို ကောင်းမွန်စွာသယ်ပိုးနိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် အခြေခံပညာရေးတွင် သင်ကြားလေ့ကျင့်ပေးမည့် ဘာသာရပ်များကို မဖြစ်မနေသင်ယူတတ်မြောက်ထားကြရမှာဖြစ်ပါတယ်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မှန်ကန်သည့်အသိအမြင်များရရှိရန် စာကောင်းပေမွန်များကို ဖတ်ရှုပြီး မိဘဆရာသမားများ၏ ပြောဆိုဆုံးမမှုများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ မိမိတို့နေထိုင်ရာ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် သားကောင်း၊ သမီးကောင်း ရတနာများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းရင်း အမိကျောင်းတော်ကြီး၏ ရင်ခွင်တွင် ပျော်ရွှင်စွာဘဝကိုဖြတ်သန်းနိုင်ပါစေကြောင်းနှင့် ကျောင်းဖွင့်သည့်နေ့မှစ၍ စာသင်နှစ်ပြီးဆုံးချိန်အထိ ပျော်ရွှင်အေးချမ်းစွာ ပညာသင်ယူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ။


စလင်းမြို့


ကျွန်းစုမြို့

**♦ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမှအဆက်**

ငင်းတို့၏စစ်ဆေးဖော်ထုတ်ချက်များအရ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမတည်မငြိမ်ဖြစ်အောင် နောက်ကွယ်မှ ဆောင်ရွက်လျက်ရှိသည့် တရားခံ ၁၁ ဦးအား ဥပဒေနှင့်အညီ ခေါ်ယူစစ်ဆေးနိုင်ရေးဆောင်ရွက်ခဲ့ရာ ၎င်းတို့သည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ဖမ်းဆီးခြင်းမခံရစေရန် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရပါသည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  ဘညွန့် | Perfect Green Money changer | အမှတ်(၂၀၄)၊ ဗိုလ်အောင်ကျော်လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၂ |  ဝဏ္ဏထွန်း | Sun Flower Money changer | အမှတ်(၂၅၉/၂၆၃)၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရွှေဘုံသာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | |
| ၃ |  သက်နောင်ဝင်း | ခရမ်းသုံးခွရွှေဆိုင်နှင့် တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၁၁၉)၊ ဒုတိယထပ်၊ (၂၉) လမ်း၊ (၇)ရပ်ကွက်၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၄ |  လှမင်း | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၅ |  အွတ်စမန်(ခ)ဂျက် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၁၅၄)၊(၄)လွှာ၊ ဗိုလ်ဆွန်ပက်လမ်း (အလယ်)၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၆ |  တင်ကိုဦး(ခ)ဂျွန် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၇၄၈/က)၊ ကျွန်စစ်သား(၁)လမ်း၊ ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၇ |  သန်းထွန်းအောင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၈ |  ရဲကို(ခ)ဝေမင်းခေါင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အပေါ်ဘလောက်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | |
| ၉ |  ရဲမင်းအောင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၅၀၀)၊ သိမ်ဖြူစာတိုက် အနီး၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၁၀ |  အိအိကျော်(ခ)မဝါ | ပွဲစား | အခန်းအမှတ်(၁၀၆)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | |
| ၁၁ |  တင်ကျော်ကျော်(ခ)အာနီး | ပွဲစား | အမှတ်(၁၄)၊ (၈၈)လမ်း၊ ကန်တော်လေး အနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | |

ထိုကဲ့သို့ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် ဖမ်းဆီးရမိတရားခံ စုစုပေါင်း ၁၄ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ ၁၁ ဦးကိုလည်း ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် အဆိုပါထွက်ပြေးတိမ်းရှောင်နေသည့်တရားခံများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်းနှင့် လက်ခံထားသူများကိုလည်း တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၁၀၀)**

**ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများကို**
**တရားမဝင်ပြည်ပဘဏ်ငွေစာရင်းများဖွင့်လှစ်၍ ဝယ်ယူထားသည့် တရားခံများ**


နေမျိုးဟန်


မင်းထွန်း


မြတ်မြတ်မွန်

**တရားမဝင် ကွန်ဒိုတိုက်ခန်းရောင်းချခဲ့သည့်**
**Minn Thu ကုမ္ပဏီမှတရားခံ (၂)ဦး**


အောင်ကျော်ထွန်း
(ဒါရိုက်တာ)


မင်းသူကျော်
(ထွက်ပြေးတိမ်းရှောင်)
(အထွေထွေမန်နေဂျာ)

**■ ကျောဖုံးမှအဆက်**

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ကွန်ဒိုတိုက်ခန်းများအား ပြည်တွင်း၌ တရားမဝင်ရောင်းချရန် သက်ဆိုင်ရာသို့သတင်းပေးပို့ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အရောင်းပြပွဲများကို ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ (၂)ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ကွန်ဒိုတိုက်ခန်းဝယ်ယူသူများက ပေးချေသည့် မြန်မာကျပ်ငွေများကို လက်ခံရယူပြီး ထိုင်းနိုင်ငံသို့ တရားမဝင်ဟွန်ဒီလုပ်ငန်းများမှ ငွေကြေးများလွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။

ထို့ပြင် Minn Thu ကုမ္ပဏီမှ ရောင်းချခဲ့သည့် ပြည်ပနိုင်ငံရှိတိုက်ခန်းများကို တရားမဝင်ဝယ်ယူထားသည့် ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့်ဒေါ်မြတ်မြတ်မွန်တို့ (၃)ဦးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ထိုင်းနိုင်ငံရှိဘဏ်များ၌ တရားမဝင်ဖွင့်လှစ်ထားသည့် ၎င်းတို့၏ ဘဏ်ငွေစာရင်းများမှတစ်ဆင့် တိုက်ခန်းဖိုးငွေကြေးများ လွှဲပြောင်းပေးချေခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံရှိကွန်ဒိုတိုက်ခန်းများအား တရားမဝင်ရောင်းချခြင်းနှင့် တရားမဝင်ဟွန်ဒီလုပ်ငန်းမှ ငွေကြေးလွှဲပြောင်းခြင်းများဆောင်ရွက်ခဲ့သူ Minn Thu ကုမ္ပဏီမှ တရားခံ ဒါရိုက်တာဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံများ၌ ဘဏ်ငွေစာရင်းများ တရားမဝင်ဖွင့်လှစ်ထားသည့်တရားခံ ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန်တို့အားလည်းကောင်း၊ ပြည်ပနိုင်ငံတွင် တရားမဝင်တိုက်ခန်း ဝယ်ယူထားသူများအားလည်းကောင်း စိစစ်၍ ဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ပြင် ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများအား Online မှတစ်ဆင့် တရားမဝင်ရောင်းချနေသည့် အခြားကုမ္ပဏီများနှင့်ဝယ်ယူသူများအား ဆက်လက်စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ တရားမဝင်ပြည်ပနိုင်ငံရှိ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာသတင်းပေးပို့ပါရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(၁၀၀)**




## ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ပိုမိုထိုးဖောက်နိုင်ရန် ကော်ဖီအဓိကတင်ပို့ရောင်းချသော နိုင်ငံဖြစ်လာစေရန်၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး၊ ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်ဖြစ်လာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကော်ဖီစီမံကိန်းဧရိယာအတွင်း၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် စိတ်ပါဝင်စားသူများအား မြေနေရာချထားပေးသွားမည်ဖြစ်ပါသည်။

၂။ မြေနေရာရရှိပြီးသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ကော်ဖီစိုက်ပျိုးထုတ်လုပ်သွားရမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားများ(တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ)အနေဖြင့် အောက်ပါလိပ်စာသို့ ပူးတွဲပါလျှောက်လွှာပုံစံဖြင့် ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလွှဲအပ်ထားသူမှ လာရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်းနံပါတ် ၀၉-၄၂၈၅၉၅၅၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လျှောက်လွှာလက်ခံမည့်လိပ်စာ** ပြည်ထောင်စုဝန်ကြီးရုံး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရုံးအမှတ်(၁၅)၊ နေပြည်တော်

**လျှောက်လွှာစတင်လက်ခံမည့်ရက်** ၆-၆-၂၀၂၄ ရက်မှ ၇-၇-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း

သို့
ပြည်ထောင်စုဝန်ကြီးရုံး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရုံးအမှတ်(၁၅)၊ နေပြည်တော်။

ရက်စွဲ။ - -

အကြောင်းအရာ။ **ကော်ဖီစိုက်ပျိုးရန် မြေနေရာလျှောက်ထားခြင်း။**

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်/ကျွန်မ ----------------------- (နှင့်အဖွဲ့)သည် ကော်ဖီစိုက်ပျိုးရေးကိုစိတ်ဝင်စားပါသဖြင့် ကော်ဖီစိုက်ပျိုးနိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း မြေနေရာရရှိရေး လျှောက်ထားအပ်ပါသည်။

(က) အမည် ----------------------
(ခ) မှတ်ပုံတင်အမှတ် ----------------------
(ဂ) အဘအမည် ----------------------
(ဃ) စိုက်ပျိုးလိုသည့်မြို့နယ် --------------------၊ ဒေသ --------------
(င) စိုက်ပျိုးလိုသည့်မြေဧက ----------------------
(စ) စိုက်ပျိုးလိုသည့်ကော်ဖီမျိုး ----------------------

၂။ စိုက်ပျိုးရန် လျှောက်ထားသည့် မြေနေရာရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းကမ်းများအတိုင်း ကော်ဖီပင်များကို အပြည့်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

**လျှောက်ထားသူ(ကိုယ်တိုင်)**
လက်မှတ် ----------------------
အမည် ----------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်----------------------
အမြဲတမ်းနေရပ်လိပ်စာ ----------------------
----------------------
လက်ရှိနေရပ်လိပ်စာ ----------------------
ဖုန်းနံပါတ် ----------------------

**အထူးကိုယ်စားလှယ်**
လက်မှတ် ----------------------
အမည် ----------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်----------------------
နေရပ်လိပ်စာ ----------------------
----------------------
ဖုန်းနံပါတ် ----------------------

**ပျောက်ဆုံးကြောင်း**
နန်းမိုးမိုးအေး(ဘ)ဦးအေးတင် ၁၂/ကမန(နိုင်)၀၂၇၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 474994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၂/မမ/ စာရေးကိရိယာ/ ဌာနခွဲအသီးသီး | နိုင်ငံခြားစက္ကူများနှင့် မိတ္တူကူးစက် ဆက်စပ်ပစ္စည်းများ(1-Lot) ဝယ်ယူရန် |
| ၂ | ၈၀/မမ/ပတ ဌာနခွဲအသီးသီး | ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်း(၂၁)မျိုးဝယ်ယူရန် |
| ၃ | ၈၁/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ (Phase-1), CP 103 (ညောင်လေးပင်-တောင်ငူ)လမ်းပိုင်း၊ ပဲခွယ်ကုန်းဘူတာအသစ်တည်ဆောက်ခြင်း (108'-6" x 22'-6")(Steel Column, Brick Walling, Amcan Sheet, Fire (ရေ၊ မီးအပါ)၊ Fighting System, Landscaping လုပ်ငန်း, BioSeptic နှင့် အခြားဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း(နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - စဉ်(၁၊ ၂) (၁၇-၆-၂၀၂၄)နေ့လယ် (၂း၃၀)နာရီ
စဉ်(၃) (၃-၇-၂၀၂၄)နေ့လယ် (၂း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃-၆-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်[၂(လဝ)/၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်) ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - (၁၇-၆-၂၀၂၄)(ရုံးချိန်အတွင်း)
(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် - (၂၈-၆-၂၀၂၄) ညနေ(၁၆း၀၀)နာရီထိ
(ဂ) တင်ဒါအာမခံကြေး(PO Cheque)မူရင်းများအား နောက်ဆုံးထား၍ တင်သွင်းရမည့် ရက်/အချိန် - (၁-၇-၂၀၂၄) ညနေ(၁၆း၀၀)နာရီထိ
(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက် - ထပ်မံကြေညာပါမည်။
(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာနှင့်နေ့ရက် - ထပ်မံကြေညာပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်-၀၉-၈၈၆၈၂၇၇၉၇ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ သမုန်းကုန်းနယ်မြေ၊ သမုန်းကုန်း(၄)လမ်း၊ (၃၄'×၃၈') အကျယ်အဝန်း မြေကွက်အတွင်းရှိ ဦးသန့်ဇင်ငြိမ်း (၉/မထလ(နိုင်)၂၂၉၀၆၅)ကိုင်ဆောင်သူမှ (အလျား ၃၀'-၀"× အနံ ၂၇'-၀") RC(၁)ထပ် Slab မိုးအဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကျော်စိန်(ဘ)ဦးပိုနီ ၁၃/ကတန (နိုင်)၀၀၀၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
အောင်မြေသာယာ၊ ခိုမုန်းအုပ်စု၊ ကျောက်မဲမြို့နေ စုမွန်ကျော်(ဘ)ဦးအိုက်ဟေး ၁၃/ကမန(နိုင်)၁၅၆၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်၊ (၆)လမ်းသွယ်၊ အမှတ်(ဏ/၁၀၇)နေ ရဝေအောင်(ဘ)ဦးဝင်းအောင် ၆/ထဝန(နိုင်)၁၅၂၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၁၂၅၃၉၀၆**

**ပျောက်ဆုံးကြောင်း**
တီးတိန်မြို့နယ်၊ ခေါဆန္ဒကျေးရွာနေ မညောင်ချန်းမန်း(ဘ)ဦးပေါင်ကျင့်ကမ်း ၄/တတန(နိုင်)၀၅၇၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 272951)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၅၉၃၁၈၂**

**ပျောက်ဆုံးကြောင်း**
ရန်ဟန်းချိုက်(ဘ)ဦးရန်စွမ်းလင် ၁၃/ကကန(နိုင်)၀၀၂၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 836665)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**အမည်မှန်**
နေပြည်တော်၊ လယ်ဝေးမြို့၊ အ. ထ. က (ခွဲ)သာယာကုန်း၊ Grade-1 မှ အဘ ဦးဝေယံမိုးထက် ၉/လဝန(နိုင်)၂၃၂၂၅၈ ၏သား မောင်ထက်မြတ်သုတ၏အမည်မှန်မှာ မောင်ထင်လင်းခန့်ဖြစ်ပါကြောင်း။ **မောင်ထင်လင်းခန့်**

**ပျောက်ဆုံးကြောင်း**
ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာနေ မရန်ဆင်ဖုန်း(ဘ)ဦးရန်ချော်ကျီ ၁၃/ကခန(နိုင်)၁၃၂၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 537938)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၃၇၀၁၅၂၁**

**အမည်ပြောင်း**
တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အ. ထ. က-တနင်္သာရီ၊ Grade-1 မှ ၆/တသရ(နိုင်)၀၂၂၇၆၁ ကိုင်ဆောင်သူ ဦးဝင်းလှိုင်စိုး၏ သမီးအမည်မှန်မှာ မသွန်းနဒီထက်ထက်ဖူးဖြစ်ပါကြောင်း။ **မသွန်းနဒီထက်ထက်ဖူး**

**ပျောက်ဆုံးကြောင်း**
ဦးဝင်းအောင်(ဘ)ဦးမြဝင်း ၁၂/ခရန (နိုင်)၀၁၀၅၃၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ဇူလိုင်လအတွက် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ(High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ(Premium High Speed Diesel)၊ ဓာတ်ဆီ(Octane-92) (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၂၀-၆-၂၀၂၄ ရက်နေ့၊ (၁၃း၀၀)နာရီ နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၅-၆-၂၀၂၄)ရက်နေ့မှစ၍ (၁၈-၆-၂၀၂၄) ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
မောင်ဟိန်းထက်(ဘ)ဦးခင်ဇော်ဝင်း ၅/ဆလက(နိုင်)၁၁၆၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 869627)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၀၂၅၈၅၄**

**ပျောက်ဆုံးကြောင်း**
မင်းမြတ်သူ(ဘ)ဦးမြင့်စိုး ၇/ပခန(နိုင်)၄၅၂၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 836993)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
သက်မာကျော်(ဘ)ဦးဆန်းဝင်း ၁၀/တကန(နိုင်)၁၀၃၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 275099)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၂၄၉၉၁၈၁**

**ပျောက်ဆုံးကြောင်း**
စောအယ်တလယ်(ဘ)ဦးဘရင် ၁၄/အမတ(နိုင်)၀၁၂၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 612599)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
ဝေဟင်ကိုကို(ဘ)ဦးမန်းလှဖုံး ၁၄/မမန(နိုင်)၂၀၂၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 253579)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ
## လူမှုရေး/စီးပွားရေးကြော်ငြာများ
## (30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၃၂၅၉၇၇၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

နေပြည်တော် ဇွန် ၃

# ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပင်လောင်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ




ဟိန်းသူရကို(ခ)ဖက်တီး၊ အောင်ကျော်စိုးနှင့်ဇော်မျိုးသန့်(ခ)အားချန်တို့အား အတူတွေ့ရစဉ်။ သိမ်းဆည်းရမိသည့်မူးယစ်ဆေးဝါးများနှင့်

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၁၀၂ လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြားတွင် အောင်ကျော်စိုး မောင်းနှင်၍ ဟိန်းသူရကို(ခ)ဖက်တီး လိုက်ပါလာသော NISSAN AD VAN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၂ ကီလို၊ ကက်တမင်း သုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ ၇၄ လမ်းရှိ ဇော်မျိုးသန့်(ခ)အားချန်၏နေအိမ်အခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၅၅ ကီလို၊ ကက်တမင်း သုည ဒသမ ၂၁ ကီလိုနှင့် ဘိန်းဆီခဲ ၃ ကီလိုတို့ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပင်လောင်းမြို့နယ်၊ ထိန်ပင်ကျေးရွာအုပ်စု၊ လိန်းလီကျေးရွာအနီးတွင် နေဆန်းဦး (ခ) အောင်ကွေ့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း။

ဇွန်လ ၂ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ ဝေလေလန်ကျေးရွာအနီးတွင် ပေါလု မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၅ နာရီတွင် တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ ဟွေယုန်း(ရွာသစ်)ကျေးရွာရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

နေပြည်တော် ဇွန် ၃

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့်ကွဲလွဲစွာ ပါရှိလာသည့် တရုတ်နိုင်ငံထုတ် FRP Fiber-glass (၂၃၄၀၉) ကီလိုဂရမ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၅၈၉၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **ဇွန်လ ၁ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီးDry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၃)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် HI-KOTE Gloss Paper (၁၈၀၀၀) ကီလိုဂရမ်နှင့် အင်ဒိုနီးရှားနိုင်ငံထုတ် INDAH KIAT Brief Card Paper (၇၅၀၀)ကီလိုဂရမ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၃၀၅၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Forward Truck (၂)စီးနှင့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၅၂၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **ဇွန်လ ၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Chaokoh Coconut Cream (၁၂၀၀)ပုလင်း၊ Honda Wave မော်တော်ဆိုင်ကယ်(၃)စီး အပါအဝင် ကုန်ပစ္စည်း (၅)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **ဇွန်လ ၁ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့ စံပါရီကျေးရွာအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။


ထို့ပြင် **ဇွန်လ ၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တင်းတိမ်ရပ်ကွက်၊ ဘောလုံးကွင်းအနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၆၅၀)ဂါလန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၆၂၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဇွန်လ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၇၆၁၄၀၀)**ဖြစ်ကြောင်း သတင်းရရှိပါသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၃

# အမျိုးသမီးများကို အတင်းအကျပ် စစ်မှုထမ်းဆောင်ရန် စတင်စုဆောင်းနေသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စစ်မှုထမ်းဆောင်ရန်အတွက် အမျိုးသမီးများကို အတင်းအကျပ် စတင်စုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရပါသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှတာဝန်ရှိသူများ၏ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန်အမျိုးသမီးများကို စတင်စုဆောင်းနေသည်မှာ မှန်ကန်မှုမရှိကြောင်းသိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် ကောလာဟလ သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိ ရေးသားဖြန့်ဝေလျက်ရှိရာ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။ **(၁၀၀)**

နေပြည်တော် ဇွန် ၃

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပါသည်။ **(မိုး/ဇလ)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

နေပြည်တော် ဇွန် ၃

## နမ့်စန်မြို့နယ်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သင်ကြားပို့ချမည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပြခန်းများ၊ ကွန်ပျူတာအခြေခံဘာသာရပ်ပြခန်းများ၊ သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အလိုက် သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်အတူ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအသစ်ဖွင့်လှစ်သည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ခွဲ)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ စက်မှုဘာသာရပ်သင်ကြားသည့် ကျောင်းသား၊ ကျောင်းသူ ၄၁ ဦး၊ စိုက်ပျိုးရေးဘာသာရပ်သင်ကြားသည့် ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ စုစုပေါင်း ၅၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇွန် ၃

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၉ ဦး တွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၆-၅-၂၀၂၄ ရက် ည ၈ နာရီမှ ၂-၆-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၇၆၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၉ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

၃-၆-၂၀၂၄

### ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုးမိတ် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| သီပေါ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မော်လိုက် | ၃၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

နေပြည်တော် ဇွန် ၃

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကျင်းပမည်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" အား ၂၀၂၄ ခုနှစ် ဇွန်လ ၄ ရက်**(ယနေ့)**မှ ၇ ရက်အထိ နေပြည်တော် **ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)**၌ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်းတို့ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့)လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၆-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၅ | ၂၆၄၅ | ၂၆၂၀ | ၂၅၇၅ | ၂၆၄၅ | ၂၆၆၀ | ၂၆၇၀ | ၂၆၂၅ | ၂၇၅၅ | ၂၇၈၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၇၀ | ၂၆၈၀ | ၃၀၉၀ | ၄၃၀၀ |
| 95 Ron | ၂၆၆၅ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၅ | ၂၈၅၅ | ၂၈၈၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၉၀ | ၄၄၅၀ |
| HSD (500 ppm) | ၂၃၃၀ | ၂၄၁၀ | ၂၃၈၅ | ၂၃၄၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၉၀ | ၂၅၂၀ | ၂၅၅၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၃၅ | ၂၄၄၅ | ၂၈၅၅ | ၄၄၀၀ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၃ | ၂၅၁၅ |
| 95 Ron | ၂၅၂၇ | ၂၆၁၁ |
| HSD (500 ppm) | ၂၂၀၄ | ၂၂၇၇ |
| HSD (50 ppm) | ၂၂၅၁ | ၂၃၂၅ |
| HSD (10 ppm) | ၂၂၅၁ | ၂၃၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**


**ပျောက်ဆုံးကြောင်း**

ကျော်စိုး(ဘ)ဦးလှမြင့် ၁၂/ဥကတ(နိုင်)၀၄၃၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇**

**ပျောက်ဆုံးကြောင်း**

လင်းလင်းဦး(ဘ)ဦးဆန်းလင်း ၅/ရဥန(နိုင်)၁၂၉၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 529642)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၆၉၉၄၉၁**

**ပျောက်ဆုံးကြောင်း**

ဝေဖြိုးသူ(ဘ)ဦးကံထူး ၅/တဆန(နိုင်)၁၅၆၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 998764)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၅၄၈၈၂၈**

**ပျောက်ဆုံးကြောင်း**

ခင်ဒွေးကြည်(ဘ)ဦးဒွေး ၇/ညလပ(နိုင်)၀၈၄၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 354046)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇**

**ပျောက်ဆုံးကြောင်း**

စိုးလွင်လွင်(ဘ)ဦးညွန့်မောင် ၈/တတက(နိုင်)၂၃၅၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 032383)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇**

**ပျောက်ဆုံးကြောင်း**

ဒေါ်ခိုင်ခိုင်(ဘ)ဦးကြံအောင် ၁/ဟပန(နိုင်)၀၀၀၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 297153)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇**

**ပျောက်ဆုံးကြောင်း**

ဦးဟန်ထွန်း(ဘ)ဦးကျတော့ ၁၃/လရန(နိုင်)၂၂၄၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 685876)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇**

**ပျောက်ဆုံးကြောင်း**

ဖြိုးပြည့်စိုး(ဘ)ဦးစိုးလွင် ၇/ညလပ(နိုင်)၁၄၀၈၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 354245)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇**

**ပျောက်ဆုံးကြောင်း**

နန်းထိုက်ရတနာဦး(ဘ)ဦးညွန့်လင်း ၉/တကန(နိုင်)၂၁၁၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 284363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၂၉၃၀၀၆၉**

**ပျောက်ဆုံးကြောင်း**

ချယ်ရီသိမ်(ဘ)ဦးစိုးနိုင် ၉/ပဗသ(နိုင်)၀၂၇၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 486964)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၀၄၁၃၂**

**ပျောက်ဆုံးကြောင်း**

သန်းထိုက်ဝင်း(ဘ)ဦးကျော်စိန်ဝင်း ၉/ဝတန(နိုင်)၀၀၁၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇**

**ပျောက်ဆုံးကြောင်း**

စောစေရီ(ဘ)ဦးအေးသိ ၁၄/ဟသတ(နိုင်)၃၁၄၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

မအိအိ(ဘ)ဦးတင်မောင်ဝင်း ၇/ကပက(နိုင်)၁၁၆၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဘုန်းမြတ်မေ(ဘ)ကျော်သူအောင် ၇/မညန (နိုင်)၁၅၇၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 053688)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

လူစောင်ချွင်း(ဘ)ဦးလူစင်းဟွာ ၁၃/ကကန(နိုင်)၀၀၃၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 836663)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**



Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
Skynet Bill Payment ပေးသွင်းခြင်း
Gift Card ပေးခြင်း
Internet Bill ပေးဆောင်ခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
ဈေးဝယ်ခြင်း
ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။
Myanmar MOBILE MONEY
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄




ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀




မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဒည်ပန်းအဝိုင်းအနီး၊ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com




Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ လက်ရှိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင်လုပ်ဆောင်နေသော အဖျက်လုပ်ငန်းများကိုကာကွယ်လျက်ရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ ရှေ့တန်းကျကျရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်မှုများသည် သမိုင်းဝင်လုပ်ရပ်များဖြစ်・・・

(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ပြုလုပ်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၄)တွင် ရှင်းလင်းတင်ပြမှုမှကောက်နုတ်ချက်)

# ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်အောင် ပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဝိသမလောဘသားများအနေဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အနှောင့်အယှက်အဟန့်အတားဖြစ်စေရန်ရည်ရွယ်၍ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်စေရန် လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ဝါဒဖြန့်ချိ ဈေးကစားခြင်း၊ ထို့ပြင် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရှိသည့် Money Changer အချို့သည်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းသတ်မှတ်ချက်များအား ချိုးဖောက်၍ နိုင်ငံခြားငွေလဲလှယ်နှုန်းများအား ဈေးကစားပြီး နိုင်ငံ့စီးပွားရေးမငြိမ်မသက်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများမှ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်အောင်ဆောင်ရွက်လျက်ရှိသည့် တရားမဝင်နိုင်ငံခြားငွေအရောင်းအဝယ်ပြုလုပ်နေသူများနှင့် ပွဲစားများအပါအဝင် စုစုပေါင်းတရားခံ ၁၄ ဦးအား ဖော်ထုတ်ဖမ်းဆီးစစ်ဆေးလျက်ရှိပါသည်။

**စာမျက်နှာ ၂၇ ကော်လံ ၁** ♦

# ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်ရောင်းချနေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာတွင် ဝိသမသမားစီးပွားရေးလုပ်ငန်းရှင်အချို့မှာ ၎င်းတို့၏ကိုယ်ကျိုးစီးပွားကိုသာ ရှေးရှုပြီး နိုင်ငံတော်၏စီးပွားရေး၊ ငွေကြေးဈေးကွက် ကမောက်ကမဖြစ်စေရန်ရည်ရွယ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်အရောင်းအဝယ်ပြုလုပ်ခြင်း၊ လူမှုကွန်ရက်မီဒီယာများမှ ဆွဲဆောင်စည်းရုံးရောင်းချခြင်းများဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများမှ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ပါသည်။

စုံစမ်းဖော်ထုတ်ချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်းအထက်၊ အမှတ်(၁၅၅/၁၅၇)၊ (၈)လွှာ၌ ရုံးခန်းဖွင့်လှစ်ထားသည့် Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်တို့(၂)ဦးသည် ထိုင်းနိုင်ငံမှ ကွန်ဒိုတိုက်ခန်းများအား ပြည်တွင်း၌ တရားမဝင်ရောင်းချလျက်ရှိကြောင်း သိရှိရသည့်အတွက် လုံခြုံရေးအဖွဲ့အစည်းများမှ ကုမ္ပဏီတာဝန်ရှိသူများနှင့် ဆက်စပ်တရားခံများအား ခေါ်ယူစစ်ဆေးခဲ့ပါသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်(ထွက်ပြေးတိမ်းရှောင်)တို့သည် **စာမျက်နှာ ၂၇ ကော်လံ ၁** ■



**တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၂၉ သို့

## နိုင်ငံတကာသတင်း



**ဗြိတိန်ထောက်လှမ်းရေးက အစိုးရဝန်ထမ်းများကို အသုံးချပြီး သတင်းရယူနေ**

စာ - ၂၃ သို့

**OPEC+ က ရေနံထုတ်လုပ်မှုကို ဆက်လက်လျှော့ချထားမည်**



စာ - ၂၃ သို့

**မော်ဒိုက်နိုင်ငံက အစ္စရေးနိုင်ငံသားများကို ပြည်ဝင်ခွင့်ပိတ်**

စာ - ၂၃ သို့